ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်၊ စနေနေ့၊ (30-6-2007) (၅၁၆၄)

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ယူနန်ပြည်နယ်စစ်ဒေသ ဒုတိယစစ်ဒေသမှူး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်စစ်ဒေသ ဒုတိယစစ်ဒေသမှူး **Major General Lin Tinggui** ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။



**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အတူ တပ်မတော် စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်းနှင့် တပ်မတော် အရာရှိကြီးများ တက်ရောက်ကြသည်။

(သတင်းစဉ်)

**လက်ခံတွေ့ဆုံ**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်စစ်ဒေသ ဒုတိယစစ်ဒေသမှူး Major General Lin Tinggui ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ကာကွယ်ရေး ဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ကြေးမုံ
The Mirror
မြန်မာအမျိုးသမီးများနေ့
အကြိုဂုဏ်ပြု
ဆောင်းပါး
အညွှန်း

*"အမျိုးသမီးအားလုံးသည် မြန်မာ့သဘာဝအရ နိုင်ငံသားအခွင့်အရေးများကို အမျိုးသားများနှင့်တန်းတူ ရရှိခံစားကြပေသည်။ ဒီမိုကရေစီနိုင်ငံကြီးများဟု ကြွေးကြော်နေသော အနောက်နိုင်ငံကြီးများတွင် အမျိုးသမီးများ မဲပေးခွင့်၊ အရွေးခံခွင့်၊ အလုပ်အကိုင်၊ ပညာရေး တန်းတူခွင့်များအတွက် (၂၀)ရာစုအတွင်း တိုက်ယူခဲ့ကြရပေသည်။ ယနေ့တိုင် အသားအရောင်၊ လူမျိုး၊ အဆင့်အတန်းခွဲခြားမှုအပါအဝင် အမျိုးသမီးတို့အခြေခံရပိုင်ခွင့်များ တိုက်ပွဲဝင်နေကြရဆဲ ဖြစ်ပေသည်။"*

အိမ့်ဒါလီမွန်၏ **"မြန်မာအမျိုးသမီးထု၏ ပေါင်းစည်းအင်အားဖြင့် ပန်းတိုင်သို့ အရောက်သွားကြမည်"** (ဆောင်းပါး) စာမျက်နှာ-၆

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၂၀-၆-၂၀၀၇
(စနေနေ့)

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ပဲမျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုး ပြည်ပဈေးကွက်သို့ တိုးမြှင့်တင်ပို့

ယနေ့အချိန်အခါတွင် တောင်သူလယ်သမားများက ခေတ်မီစိုက်ပျိုးရေး နည်းပညာများဖြင့် တီထွင်ကြံဆစိုက်ပျိုးလျက်ရှိကြသည်။ နိုင်ငံတော်၏ စိုက်ပျိုးရေးဆိုင်ရာပံ့ပိုးမှု၊ ရေမြေသဘာဝကောင်းမွန်မှု၊ သီးနှံမျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးလာမှုတို့ကြောင့် သီးနှံစိုက်ခင်းအား မြင့်မားလာကာ အကျိုးရလဒ်ကောင်းများ ခံစားနေကြရပြီဖြစ်သည်။

ယခုနှစ်များအတွင်း ပြည်တွင်း၊ ပြည်ပ ပဲဈေးကွက်တွင် ပဲဈေးကောင်းမွန်လာသည့်အပြင် ၂၀၀၅ ခုနှစ်မှစ၍ အပြည်ပြည်ဆိုင်ရာဈေးကွက်တွင် ပဲလိုအပ်ချက် မြင့်မားလာသောကြောင့် ဈေးကွက်ဝင်ပဲများ တိုးချဲ့စိုက်ပျိုးနေကြသည်။ အချို့စိုက်ပျိုးရေးကုမ္ပဏီများက ပြည်ပမှ ပဲမျိုးများတင်သွင်း၍ ဒိုက်ဦး၊ ဝေါ၊ မဒေါက်၊ မအူပင်၊ ညောင်တုန်း၊ ဟသ်ာတ၊ စဥ့်ကူး၊ အောင်လံ၊ အုတ်ဖို၊ ညောင်နှစ်ပင်နှင့် လှိုင်သာယာတို့တွင် စမ်းသပ်စိုက်ပျိုးခဲ့ရာ အထွက်နှုန်း ကောင်းမွန်ကြောင်း သိရသည်။

ပြည်တွင်းပဲများအနေဖြင့် ပဲလွန်းဖြူ(မျက်မည်း)၊ မြေပဲ၊ မတ်ပဲ၊ ပဲလွန်း၊ ပဲတီစိမ်း၊ ကုလားပဲလုံးကြီးတို့ကို အဓိက စိုက်ပျိုးလျက်ရှိရာ မတ်ပဲနှင့် ပဲတီစိမ်းတို့ ဈေးကောင်းရလျက်ရှိသည်။ ၂၀၀၅-၂၀၀၆ ခုနှစ်က ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ပြည်ပသို့ ပဲတန်ချိန် ကိုးသိန်းကျော် တင်ပို့နိုင်ခဲ့ရာမှ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ပဲမျိုးစုံတန်ချိန် တစ်သန်းကျော်အထိ တိုးမြှင့်တင်ပို့နိုင်ခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံတွင် ပဲစိုက်ဧက ကိုးသန်းကျော်ရှိပြီး ပဲမျိုးစုံတန်ချိန် လေးသန်းခန့်ထွက်ရှိသည်။ ပြည်ပသို့ နှစ်စဉ် ပဲတန်ချိန် တစ်သန်းကျော် တင်ပို့နိုင်လျက်ရှိရာ နိုင်ငံတော်နှင့် တောင်သူများ ပဲစိုက်ပျိုးမှုမှ အကျိုးအမြတ်များ ရရှိနေကြပြီဖြစ်သည်။

မြန်မာ့ပဲမျိုးစုံကို အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့နေသော လက်ရှိဈေးကွက်အလားအလာ၊ ပြည်ပ၏ ပဲလိုအပ်ချက်နှင့် ပဲဈေးမြင့်တက်နေမှု အခြေအနေများအရ တောင်သူများက ဈေးကွက်ဝင် ပဲမျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုး တိုးမြှင့်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် စီးပွားဖွံ့ဖြိုးဝင်ငွေတိုး အကျိုးဖြစ်ထွန်းလာမည် ဖြစ်ပါသည်။ ။



ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာ တိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း ကံ့ကော်လမ်းသွယ်နေ ကွယ်လွန်သူ ကျေးဇူးရှင်ဖခင်ကြီး ဦးမြင့်ကြည်(ပတ္တမြားပန့်စက်မှုလက်မှု)အားရည်စူး၍ ဇနီး ဒေါ်သန်းရှင်၊ သား ဦးအေးလွင်-ဒေါ်သီတာစိုး၊ ကိုကောင်းကျော်-မသိန်းသိန်း၊ သမီး မကြည်ကြည်စန်း၊ မြေးများ မောင်ရန်မျိုးအောင်၊ မောင်ဘုန်းနိုင်အောင်၊ မောင်ထူးအောင်ကျော်၊ မခိုင်၊ မနွယ်နီအောင်၊ မငြိမ်းငြိမ်းအောင်၊ မပြည့်ပြည့်တို့က အလှူငွေကျပ်နှစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့နာယက ဆရာတော် မိုးညှင်းအရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)





# စည်ပင်သာယာရေးဘဏ်လီမိတက် နှစ်ပတ်လည်အစည်းအဝေးကျင်းပ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်အမှာစကားပြောကြား

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့် စည်ပင်သာယာရေးဘဏ် လီမိတက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၉

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဇွန် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသော စည်ပင်သာယာရေးဘဏ်လီမိတက်၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။**

အစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ စည်ပင်သာယာရေးဘဏ် လီမိတက် ဒါရိုက်တာအဖွဲ့ဝင်များ၊ စာရင်းစစ်ချုပ်ရုံးနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့မှ တာဝန်ရှိသူများ၊ အစုရှယ်ယာရှင်များဖြစ်ကြသော ပြည်နယ်၊ တိုင်း စည်ပင်သာယာရေးအဖွဲ့များမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယ အင်ဂျင်နီယာမှူးကြီးများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ အမှုဆောင်အရာရှိများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စည်ပင်သာယာရေးဘဏ် လီမိတက်ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က အမှာစကား ပြောကြားပြီး ဘဏ်ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးဝင်းက ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့် နှစ်ချုပ်စာရင်းများကို ရှင်းလင်းတင်ပြပြီး အတည်ပြုချက်ရယူသည်။ ယင်းနောက် ဘဏ်ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဇော က ဘဏ်၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် အမြတ်ဝေစု ခွဲဝေပေးမှုကို ကြေညာသည်။ ထို့နောက် ဒါရိုက်တာအဖွဲ့ဝင် ဦးဝင်းအောင်က စာရင်းစစ်ကော်မတီ၏ စာရင်းစစ်အစီရင်ခံစာကို ဖတ်ကြားတင်ပြပြီး ပြည်နယ်၊ တိုင်းအလိုက် အစုရှယ်ယာရှင်များက ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များအပေါ် ဆွေးနွေးအကြံပြုတင်ပြကြသည်။

ထို့နောက် အစုရှယ်ယာရှင်များ၏ သဘောတူညီချက်ဖြင့် အဖွဲ့ဝင်သုံးဦးပါသော စာရင်းစစ်ကော်မတီကို ဖွဲ့စည်းပြီး ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**တာမွေမြို့နယ် ၁၅၄ လမ်းနေ ဦးခင်အေး-ဒေါ်ရင်ကြည် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး ခြောက်ထပ်ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ် ၃၂၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘညာဏ်(ငြိမ်း) လက်ခံယူစဉ်။** (က-ပ)



# မဟာမဲခေါင်ဒေသခွဲရှိ အာဆီယံငါးနိုင်ငံမှ အပြည်ပြည်ဆိုင်ရာဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းတို့ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး

ရန်ကုန် ဇွန် ၂၉

**မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း (MIFFA) ဥက္ကဋ္ဌ ဦးအောင်ကျော်မင်း ခေါင်းဆောင်၍ ဇွန် ၂၂ ရက်တွင် ထိုင်းနိုင်ငံ၌ တစ်ချိန်တည်းကျင်းပသည့် အာရှနှင့်ပစိဖိတ်ဒေသရှိ အမျိုးသားဝန်ဆောင်မှုလုပ်ငန်း အသင်းများပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲများနှင့် Forum များသို့ မြန်မာနိုင်ငံမှ ခုနစ်ဦးပါအဖွဲ့က ပထမဆုံးအကြိမ် ပါဝင်တက်ရောက်ခဲ့သည်။**




ထိုင်းနိုင်ငံ Ministry of Commerce က ကြီးမှူး၍ ဇွန်၂၃ ရက်တွင် ထိုင်းနိုင်ငံ ပတ္တရာ ကမ်းခြေမြို့၌ ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း (TIFFA) က အကောင်အထည်ဖော်လုပ်ဆောင်ခဲ့သည့် The Enhancement of International Trade Logistice Development in Greater Mekong Sub Region Forum တွင် GMS Region ရှိ အာဆီယံ ငါးနိုင်ငံဖြစ်သည့် မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ် နိုင်ငံတို့မှ အပြည်ပြည်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နားလည်မှုစာချွန်လွှာများကို အသီးသီးလက်မှတ်ရေးထိုးကြသည်။ **(အပေါ်ပုံ)**

နားလည်မှု စာချွန်လွှာတွင် သတင်းအချက်အလက်များ ဖလှယ်ရေး၊ ကုန်စည်ပို့ဆောင်မှု အပြန်အလှန်ညှိနှိုင်းလက်ခံဆောင်ရွက်ရေး၊ နိုင်ငံတော်က ဆောင်ရွက်နေသည့် မဟာမဲခေါင်ဒေသခွဲရှိ လုပ်ငန်းများတွင် အတူတကွ ပူးပေါင်းဆောင်ရွက်ရေး၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဝန်ဆောင်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကလုပ်ငန်း ကုန်သွယ်မှုများ၌ အကူအညီပေးရေးတို့ ပါဝင်သည်။

ထို့အပြင် GMS Region ရှိ အာဆီယံ ငါးနိုင်ငံမှ အပြည်ပြည်ဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းတို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ China International Forwarders Association နှင့် ဝန်ဆောင်မှုကိစ္စရပ်များကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက် ဝါဆိုသင်္ကန်းဆက်ကပ် အလှူမင်္ဂလာ အခမ်းအနားကျင်းပ
# ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်

ရန်ကုန် ဇွန် ၂၉

**ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၏ ဝါဆိုသင်္ကန်းဆက်ကပ် အလှူမင်္ဂလာ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါကျောင်းတိုက်ရှိ သိရီမင်္ဂလာ အနန္တဂုဏ်ရည် ငါးထပ်ကျောင်းတော်ကြီး၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။**

အဆိုပါ အခမ်းအနားသို့ အင်္ဂုတ္တိုရ်ကျမ်းပြုအကျော် တိပိဋကဓရရွေးချယ်ရေး စာမေးပွဲကြီး ဩဝါဒါစရိယ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညိဿရာဘိဝံသ၊ ပါဠိကာရီ ဆရာတော် ဘဒ္ဒန္တ အင်္ဂီသ၊ မဟာသိပ္ပံဆရာတော် ဘဒ္ဒန္တ သိရီဓမ္မနှင့် ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (ရွှေကျင်) ဆရာတော် ဘဒ္ဒန္တ ဓောတိကတို့ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး အလှူရှင်များနှင့် ပရိသတ်တို့ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး အင်္ဂုတ္တိုရ်ကျမ်းပြုအကျော် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီး ဩဝါဒါစရိယ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညိဿရာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အလှူရှင်များနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

**ပရိတ်တရားတော်နာယူ**

ထို့နောက် ဆရာတော် သံဃာတော်များအား ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အလှူရှင်များနှင့် ပရိသတ်တို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီး ဩဝါဒါစရိယ ပါဠိကာရီ ဆရာတော် ဘဒ္ဒန္တ အင်္ဂီသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အလှူရှင်များနှင့် ပရိသတ်တို့က သာဓု အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကမ္ဘာအေးစေတီလမ်းရှိ တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက်၏ ဝါဆိုသင်္ကန်းဆက်ကပ် အလှူတော်မင်္ဂလာ အခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

# ၂၀၀၇ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့ အထိမ်းအမှတ် စုပေါင်း လမ်းလျှောက်ပွဲ နေပြည်တော်၌ ကျင်းပ

နေပြည်တော် ဇွန် ၂၉

**၂၀၀၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၆ နာရီတွင် နေပြည်တော် မြို့မဈေးစုရပ်၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ပြီး ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ အင်အား ၁၅၀၀ တို့သည် တပျော်တပါး စုပေါင်းပါဝင် လမ်းလျှောက်ကြသည်။**

ရှေးဦးစွာ နံနက် ၅ နာရီမှစတင်၍ နေပြည်တော်မြို့မဈေးစုရပ်သို့ ပညာသိဒ္ဓိရပ်ကွက်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ဇေယျာသိဒ္ဓိရပ်ကွက်နှင့် မင်္ဂလာသိဒ္ဓိရပ်ကွက်များရှိ အိမ်ရာများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများသည် ၂၀၀၇ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲ လမ်းဖြတ်ပိုစတာအောက်တွင် မိမိတို့သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် သတ်မှတ်နေရာအသီးသီးတွင် ရောက်ရှိနေရာယူကြသည်။

ထို့နောက် နံနက် ၆ နာရီတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ ဦးဆောင်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများသည် နေပြည်တော် မြို့မဈေးစုရပ်မှ တာထွက်ကြပြီး တောင်ညို–ပျဉ်းမနားလမ်းအတိုင်း သပြေကုန်းအဝိုင်းကို ပတ်၍ လာလမ်းအတိုင်း ပြန်လည်ထွက်ကာ နေပြည်တော် မြို့မဈေးစုရပ်သို့ ဝင်ရောက်ကြသည်။ (သတင်းစဉ်)




မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ ၂၀၀၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်၌ တပျော်တပါးစုပေါင်းပါဝင်လမ်းလျှောက်ကြစဉ်။

(သတင်းစဉ်)

# မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းနှင့် ဆန်စပါး ရောင်းဝယ်ဖောက်ကားသူများ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၉**

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း နာယက ဗဟိုအလုပ်အမှုဆောင် ကော်မတီ၊ အမှုဆောင်နှင့် ဆန်စပါးရောင်းဝယ်ဖောက်ကားသူများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ်ရှိ မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်း ဆန်စပါး ကုန်စည်ဒိုင်၌ ကျင်းပရာ ရန်ကုန်တိုင်း အတွင်းရှိခရိုင်နှင့် မြို့နယ်အသင်းခွဲများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဘုရင့်နောင်ပွဲရုံနယ်မြေရှိ ဆန်ပွဲရုံပိုင်ရှင်များ၊ ဆန်စပါးရောင်းဝယ် ဖောက်ကားသူများ စုစုပေါင်း တစ်ထောင်ကျော်တို့ တက်ရောက်ကြသည်။

**ဆွေးနွေး**

ရှေးဦးစွာ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦး**(အောက်ပုံ)**က ဆန်ဈေးနှုန်း တည်ငြိမ်မှန်ကန်ရေး၊ စနစ်တကျရောင်းဝယ်ဖောက်ကားရေး၊ အတ္တ ပရ မျှတစွာ ရောင်းဝယ်ရေး၊ စားသုံးသူများအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်ပေါ်စေရေးတို့အတွက် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များ အသင်းဝင်များက ဝိုင်းဝန်းပါဝင် ဆောင်ရွက်ရေးနှင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ ဆန်ဈေးနှုန်း တည်ငြိမ်ရေးအတွက် ဆောင်ရွက်ချက်များတို့ကို အသေးစိတ် ရှင်းလင်းတင်ပြပြီး ၂၀၀၇ ခုနှစ်အတွက် ဆန်စပါး ရောင်းဝယ်ဖောက်ကားမှု ကိစ္စများကို ဆွေးနွေးကြသည်။

**နိဂုံးချုပ်စကားပြောကြား**

ယင်းနောက် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





# ဝန်ထမ်းများအတွက် ပထမအဆင့် သင်တန်းအမှတ်စဉ်( ၂၀၅ ) သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၉**

နိုင်ငံတော် အဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ပထမအဆင့် သင်တန်း အမှတ်စဉ်(၂၀၅) သင်တန်းဆင်းပွဲကို နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းတွင် ယနေ့ မွန်းလွဲပိုင်း၌ ကျင်းပရာ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်းတက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

အခမ်းအနားသို့ စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်းကထိကများ၊ သင်တန်းသူ၊ သင်တန်းသားများ တက်ရောက်ကြသည်။ သင်တန်းသို့ ဝန်ကြီးဌာန ၃၀ အောက်ရှိ ဦးစီးဌာန ၃၆ ခုနှင့် စီးပွားရေးအဖွဲ့အစည်း ၁၅ခုတို့မှ ဝန်ထမ်း ၁၅၄ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးလကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**



အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားရာနေရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ စစ်ဆေးနေသည်ကို ဇွန် ၂၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ကဘူးမြို့တွင် မော်တော်ယာဉ်တန်း ဗုံးခွဲတိုက်ခိုက်ခံရ

**ကဘူး ဇွန် ၂၉**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တွင် ကြာသပတေးနေ့က နိုင်ငံခြားသား လုံခြုံရေးဝန်ထမ်းများ လိုက်ပါလာသည့် မော်တော်ယာဉ်တန်းကို ဗုံးခွဲတိုက်ခိုက်သဖြင့် အမေရိကန်နိုင်ငံသားနှစ်ဦးနှင့် အာဖဂန် အမျိုးသမီးတစ်ဦး သေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ကဘူးမြို့တော်တွင် ယခုလအတွင်း ဗုံးခွဲတိုက်ခိုက်ခြင်းမှာ တတိယအကြိမ် ဖြစ်သည်။

အဆိုပါ တိုက်ခိုက်မှုဖြစ်ပွားသည်ဟု နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့က ပြောကြားသော်လည်း အသေးစိတ် ဖော်ပြခြင်း မရှိပေ။

ယင်းဗုံးဖောက်ခွဲမှုကြောင့် အမေရိကန်နှစ်ဦးနှင့် အာဖဂန်တစ်ဦး သေဆုံးပြီး အရပ်သားငါးဦး ဒဏ်ရာ ရရှိကြောင်း ကဘူးမြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။ အမေရိကန်လုံခြုံရေးဝန်ဆောင်မှုကုမ္ပဏီတစ်ခုမှ လုံခြုံရေးဝန်ထမ်းများ လိုက်ပါလာသည့် မော်တော်ယာဉ်တန်းကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ သို့ရာတွင် အဆိုပါ တိုက်ခိုက်မှု၌ နိုင်ငံခြားသားတစ်ဦးသာ သေဆုံးကြောင်း၊ အာဖဂန်ရဲတပ်ဖွဲ့ကို လေ့ကျင့်သင်တန်း ပေးနေသော အုပ်စုတစ်စုမှ မော်တော်ယာဉ်တန်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။ **အင်တာနက်။**

# မူးယစ်ဆေး အလွဲသုံးမှု တိုက်ဖျက်ရေး စုပေါင်း ကြိုးပမ်းသင့်ကြောင်း ဘန်ကီမွန်း တိုက်တွန်း

**ကုလသမဂ္ဂ ဇွန် ၂၈**

ကမ္ဘာတစ်ဝန်းရှိ လူတန်းစားအလွှာအသီးသီးအနေဖြင့် မူးယစ်ဆေး သုံးစွဲမှုပြဿနာ ရပ်ဆိုင်းသွားစေရေးအတွက် ပူးပေါင်းကြိုးပမ်းသင့်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက အင်္ဂါနေ့တွင် တိုက်တွန်းပြောကြားလိုက်သည်။

## သဝဏ်လွှာတွင် ဖော်ပြ

မူးယစ်ဆေးဝါးသုံးစွဲမှုသည် တားဆီးနိုင်သည့် ပြဿနာဖြစ်သည်ဟု မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေး နိုင်ငံတကာနေ့ အခမ်းအနားအတွက် ဘန်ကီမွန်းပေးပို့သည့် သဝဏ်လွှာတွင် ဖော်ပြထားသည်။

## ပူးပေါင်းဆောင်ရွက်ရန်လို

မူးယစ်ဆေးဝါးအလွဲသုံးမှုကို တိုက်ဖျက်ရာတွင် နိုင်ငံရေးအရ ဦးဆောင်မှုနှင့် အရင်းအမြစ်များ လုံလောက်စွာ အသုံးပြုနိုင်မှု လိုအပ်ကြောင်း၊ မူးယစ်ဆေးစွဲလူနာများအတွက် ကုသရေးဌာနများကို ပိုမိုဖွင့်လှစ်ပေးသင့်ကြောင်း၊ မိဘများ၊ ဆရာ၊ ဆရာမများ၊ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ထမ်းများနှင့် လူမှုဝန်ထမ်းအလုပ်သမားများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ယင်းသဝဏ်လွှာတွင် ဖော်ပြထားသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

# တုပ်ကွေးရာသီအတွက် အရှေ့တောင်အာရှနိုင်ငံများ အလေးမူသင့်

**ဂျကာတာ ဇွန် ၂၉**

တုပ်ကွေးရောဂါ အဖြစ်ပွားဆုံးရာသီ ကျရောက်တော့မည်ဖြစ်သဖြင့် အရှေ့တောင်အာရှနိုင်ငံများမှ ပြည်သူများ ကျန်းမာရေး အသိရှိကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဇွန် ၂၉ ရက်တွင် တိုက်တွန်းလိုက်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဇူလိုင်နှင့် ဩဂုတ်လတို့တွင် တုပ်ကွေးရောဂါ အဖြစ်အများဆုံးကာလကို ဖြတ်သန်းရမည်ဖြစ်ကြောင်း၊ အာရှနိုင်ငံ အများအပြားတွင် တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အရှေ့တောင်အာရှဒေသရှိ နိုင်ငံအချို့တွင် ကျေးလက်မှ မြို့ပြသို့ တက်ကာ အလုပ်လုပ်ကိုင်သူဦးရေ အများအပြားရှိကြောင်း၊ ရွှေ့ပြောင်းလုပ်သားများအတွင်း တုပ်ကွေးရောဂါဖြစ်ပွားနိုင်မှု ဘေးအန္တရာယ်ကြီးမားနိုင်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။ လူဦးရေ ၁၂ သန်း နေထိုင်ရာ ဂျကာတာမြို့တွင် ဂျာဗား၊ ဘာလီနှင့် ဆူမတြားကျွန်းတို့မှ လာရောက်အလုပ်လုပ်ကိုင်သော ရွှေ့ပြောင်းအလုပ်သမားများစွာရှိကြောင်း၊ ၎င်းတို့၏ လူနေမှုပုံစံအရ တုပ်ကွေးရောဂါဖြစ်ပွားနိုင်မှု ပိုမိုများပြားလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။ **အင်တာနက်။**

# ငွေနှင့်ငွေထည် မှောင်ခိုသူ ၁၆ ဦးကို တရုတ်ရဲတပ်ဖွဲ့ ဖမ်းဆီး

**ရှန်ကျင့် ဇွန် ၂၈**

ယွမ် ၃ ဒသမ ၅ သန်း (ဒေါ်လာ ၄၃၇၅၀၀) တန်ဖိုးရှိ ငွေနှင့်ငွေထည်ပစ္စည်းများကို မှောင်ခို ခိုးထုတ်ရန်ကြိုးပမ်းသည်ဟု ယူဆရသူ ၁၆ ဦးကို တရုတ်ရဲတပ်ဖွဲ့က ရှန်ကျင့်မြို့တွင် ဖမ်းဆီးလိုက်ကြောင်း ကြာသပတေးနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**



တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ အင်တာနက်ကဖေး တစ်ခုကို ဇွန် ၂၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# လန်ဒန်မြို့လယ်၌ အကြမ်းဖက်တိုက်ခိုက်ရန် မာစီဒီးကားဖြင့် ဗုံးထောင်ခဲ့

**လန်ဒန် ဇွန် ၂၉**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့လယ်တွင် ကားဗုံးအသုံးပြု၍ အကြမ်းဖက်တိုက်ခိုက်မည့် အစီအစဉ်တစ်ရပ်မှာ ပျက်ပြားသွားကြောင်း၊ အကယ်၍ ယင်းကားဗုံးပေါက်ကွဲခဲ့မည်ဆိုပါက လူအများ အစုအပြုံလိုက် သေဆုံးနိုင်ကြောင်း ရဲတပ်ဖွဲ့က ယနေ့ ပြောကြားသည်။

အကြမ်းဖက်တိုက်ခိုက်ရန် ရည်ရွယ်ချက်ဖြင့် လန်ဒန်မြို့လယ်တွင် ကားဗုံး ထောင်ထားခဲ့ကြောင်း၊ မာစီဒီးကားတစ်စီးပေါ်တွင် ဓာတ်ဆီလီတာ ၂၀၀၊ ဓာတ်ငွေ့ ဆလင်ဒါများနှင့် သံချောင်းများကို ရှာဖွေတွေ့ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

လန်ဒန်မြို့လယ် လူစည်ကားသည့် လမ်းငါးလမ်းဆုံရာ ပီကာဒီလီဆားကပ်စ်အရပ်တွင် ဗြိတိသျှစံတော်ချိန် နံနက် ၁နာရီခွဲ၌ မာစီဒီးကားမှ မီးခိုးထွက်ပေါ်လာသည်ကို လူနာတင်ယာဉ်တစ်စီးက စတင်တွေ့မြင်ခဲ့ကြောင်း၊ ကားဗုံးထောင်ထားသည့် နေရာအနီးတွင် လူပေါင်း ၁၇၀၀ အထိရှိနေသော ညကပွဲရုံရှိပြီး တာဝန်ရှိသူများထံ အချိန်မီ အကြောင်းကြားနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ရဲတပ်ဖွဲ့ ဗုံးရှင်းလင်းရေးအဖွဲ့က ယင်းကားကို ရှင်းလင်းဖယ်ရှားပေးခဲ့သည်။ မာစီဒီးကား၏ ယာဉ်မောင်းကို ရှာဖွေလျက်ရှိသည်။ **အင်တာနက်။**

## ကြေးမုံ နိုင်ငံတကာ သတင်းများ

The Mirror

# လေစွမ်းအင် ထုတ်ယူရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဗီယက်နမ်တွင် ကျင်းပ

**ဟနွိုင်း ဇွန် ၂၉**

လေစွမ်းအင်ထုတ်ယူရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ကျင်းပခဲ့ကြောင်း ဇွန် ၂၉ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါ နှီးနှောဖလှယ်ပွဲကို ဗီယက်နမ်စက်မှုဝန်ကြီးဌာနနှင့် ဂျာမနီနည်းပညာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီတို့က ပူးတွဲကျင်းပခြင်းဖြစ်သည်။ လေစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးဆိုင်ရာ မဟာဗျူဟာတစ်ရပ်ကို ရေးဆွဲချမှတ်နိုင်ရန်နှင့် အစားထိုးလောင်စာ ထုတ်ယူရေးနည်းလမ်းသစ်များဖော်ထုတ်ရန် ဗီယက်နမ်နှင့် ဂျာမနီကျွမ်းကျင်သူပညာရှင်များ ဆွေးနွေးကြခြင်းဖြစ်သည်။ ဗီယက်နမ်နိုင်ငံတွင် အစားထိုးလောင်စာအရင်းအမြစ် အများအပြားရှိသော်လည်း အစားထိုး စွမ်းအင်စီမံကိန်းများ အကောင်အထည်ဖော်နိုင်မှုမှာ နည်းပါးနေသေးသည်။ ဗီယက်နမ်နိုင်ငံသည် နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်နှင့် စွန့်ပစ်ပစ္စည်းအသုံးချ စွမ်းအင်ထုတ်ယူရန် အလားအလာများစွာ ရှိနေသည်။

ဗီယက်နမ်စက်မှုဝန်ကြီးဌာနသည် မဟာစီမံကိန်းတစ်ရပ်ကို ရေးဆွဲထားပြီဖြစ်သည်။ ယင်းစီမံကိန်းအရ ၂၀၁၅ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ အစားထိုးစွမ်းအင်ထုတ်လုပ်သည့်လုပ်ငန်းကို အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည် လေစွမ်းအင်ထုတ်ယူရန် အားသာချက်ရှိသည်။ နိုင်ငံအလယ်ပိုင်း ကုန်းမြင့်ဒေသရှိ ပြည်နယ်များသည် လေစွမ်းအင်ထုတ်ယူနိုင်သော အချက်အချာ နေရာများဖြစ်ကြသည်။ **အင်တာနက်။**




ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ပြသထားသော တိုယိုတာမော်တော်ကား ကုမ္ပဏီ၏ နိုအား-ဂျီကားသစ်တစ်စီးကို ဇွန် ၂၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာအမျိုးသမီးများနေ့အကြို ဂုဏ်ပြုဆောင်းပါး

# မြန်မာအမျိုးသမီးထု၏ ပေါင်းစည်းအင်အားဖြင့် ပန်းတိုင်သို့အရောက်သွားကြမည်

အိမ့်ဒါလီမွန်

ကမ္ဘာ့ဘာသာတရားဆိုင်ရာ အထွတ်အထိပ်ပုဂ္ဂိုလ်များ၊ ပညာရှိကြီးများ၊ ဧကရာဇ်ဘုရင်များ၊ နိုင်ငံအကြီးအကဲများ၊ စစ်ဗိုလ်ချုပ်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ အားလုံးကို ၎င်းတို့၏ မိခင်များက ဝမ်း၌လွယ်ပြီး မွေးဖွားပေးခဲ့ကြသည်။ ထို့ကြောင့်ပင် ပုခက်လွှဲသောလက်များသည် ကမ္ဘာကိုစိုးမိုးသည်ဟု တင်စားသုံးနှုန်းနေကြခြင်း ဖြစ်ပေသည်။

ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်မှု ဇီဝသဘာဝအရ အမျိုးသားအများစုသည် ယေဘုယျအားဖြင့် ကြံ့ခိုင်ထွားကျိုင်း သန်မာကြသည်။ အမျိုးသမီးအများစု၏ သဘာဝလက္ခဏာမှာ နွဲ့နှောင်းကြသည်။ အမျိုးသားများထက် ကိုယ်ခန္ဓာသေးသွယ်ကြသည်။

အမျိုးသမီးနှင့် အမျိုးသားသည် ဤကမ္ဘာလောကကြီးကို စတင်ပျိုးထောင်ရာ၌ ဦးပဲ့ထမ်းကာ မောင်တစ်ထမ်း မယ်တစ်ရွက် တာဝန်ယူခဲ့ကြသည်။ အချို့လူမျိုးအလိုက်၊ ဘာသာတရား အယူအဆအလိုက် လိင်ခွဲခြားမှုရှိသော်လည်း လူ့လောကကြီး၏တာဝန်ကို အစဉ်အဆက် ပူးတွဲတာဝန် ထမ်းဆောင်ခဲ့ကြသည့် အမျိုးသား၊ အမျိုးသမီးတို့၏ လက်တွဲညီမှုကို ငြင်းကွယ်၍မရပေ။

ယနေ့ကမ္ဘာပေါ်ရှိ တပ်မတော်များတွင် အမျိုးသားစစ်သည်များရှိသကဲ့သို့ အမျိုးသမီးစစ်သမီးများလည်း ရှိနေပေသည်။ အားကစားချန်ပီယံများတွင် အမျိုးသမီး အကျော်အမော်များသည် အမျိုးသားအကျော်အမော်များနှင့်အတူ ရွှေတံဆိပ်၊ ငွေတံဆိပ် တန်းတူယူပြနေကြသည်။ ပညာရပ်နယ်ပယ်တွင် ကြည့်လျှင်လည်း အမျိုးသားပညာရှင် ပါမောက္ခများနှင့်တန်းတူ အမျိုးသမီးပညာရှင် ပါမောက္ခများ လက်ညှိုးထိုးမလွဲရှိလာသည်။ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးနယ်ပယ်များတွင်လည်း အမျိုးသမီးများ သွက်လက်ထက်မြက်စွာ ရှေ့တန်းမှ တာဝန်များယူနေသည်ကို တွေ့ရသည်။ ကျန်းမာရေးနယ်ပယ်၌ အမျိုးသမီးဆရာဝန်၊ အမျိုးသမီးဆေးပညာရှင်များ၊ သူနာပြုများကပင် အရေအတွက် ပိုများလာနေသည်ကို တွေ့ရသည်။

ကမ္ဘာ့အပြင်ထွက်၍ အာကာသသို့ စွန့်စားသွားရောက်ကြသူများတွင် ဗလင်တီနာထရက်ရှ်ကိုဗာသည် ပထမဆုံး အမျိုးသမီးအာကာသ သူရဲကောင်းဖြစ်သည်။ ယခုအခါ အမေရိကန်အမျိုးသမီးအာကာသသူရဲကောင်းများ ပေါ်ထွန်းလာနေလေပြီ။

မြန်မာ့သမိုင်းတွင် ဘုရင်မကြီးရှင်စောပုကဲ့သို့သော အမျိုးသမီးဘုရင်မကြီး ပေါ်ထွန်းခဲ့သလို အနောက်နိုင်ငံများ၌ ဘုရင်မများပေါ်ထွန်းခဲ့ပေသည်။ စာပေနယ်၊ အနုပညာနယ်၌ အမျိုးသမီးစာရေးဆရာ၊ သတင်းစာဆရာ၊ အဆိုကျော်၊ ပန်းချီကျော်၊ ဇာတ်၊ ရုပ်ရှင်အမျိုးသမီး သရုပ်ဆောင်၊ အမျိုးသမီး ရုပ်ရှင်ဒါရိုက်တာများ နေရာယူလာကြပေပြီ။

**မြန်မာနိုင်ငံတွင် နယ်ချဲ့ကျူးကျော်မှုကို ခုခံတွန်းလှန်ရာ၌ အမျိုးသမီး အာဇာနည်တို့လည်း ရှုပ်ရှုပ်ချုံချုံ ပါဝင်ခဲ့သည်။ ဝက်ထီးကန်တိုက်ပွဲသမိုင်းကို ဗြိတိသျှစစ်ဗိုလ်များက မှတ်တမ်းတင်ရာ၌ မြင်းစီးပြီး ဗြိတိသျှတို့ကို ရှုပ်ရှုပ်ချုံချုံ ပြောင်မြောက်စွာ တိုက်ခိုက်ခဲ့သည့် ရှမ်းအမျိုးသမီးများအကြောင်း ဂုဏ်တင်ရေးသားခဲ့ကြသည်။**

လွတ်လပ်ရေး ကြိုးပမ်းမှုကာလ ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ (ဝံသာနု)၊ တို့ဗမာအစည်းအရုံး၊ ရေနံမြေအလုပ်သမားအရေးတော်ပုံ၊ ဖက်ဆစ် တော်လှန်ရေးတို့တွင် မြန်မာအမျိုးသမီးတို့၏ ပြောင်မြောက်သော စွမ်းဆောင်ကြိုးပမ်းမှု မှတ်တမ်းများလည်း တခမ်းတနားရှိနေပေသည်။

မြန်မာ့လွတ်လပ်ရေးတည်းဟူသော အချုပ်အခြာ အာဏာကိုလည်းကောင်း၊ တိုင်းရင်းသားစုံတို့ စုပေါင်းတည်ဆောက်ထားသည့် မြန်မာပြည်ထောင်စုကြီးကိုလည်းကောင်း၊ နယ်ချဲ့ကိုတွန်းလှန်၊ ဖက်ဆစ်ကိုတိုက်ထုတ်၊ လွတ်လပ်ရေးအရယူခဲ့သည့် စွမ်းပကားကြီးလှသော တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို လည်းကောင်း၊ ရေမြေသယံဇာတ ကြွယ်ဝပြည့်စုံလှသော အမိမြေကိုလည်းကောင်း မြန်မာတို့စုပေါင်းကာကွယ်ရာ၌ အမျိုးသမီးများသည် အမျိုးသားတို့နှင့် ထမ်းအတူ ရွက်အမျှ ပါဝင်ခဲ့ကြသည်။

**ယနေ့အချုပ်အခြာအာဏာ ပြည်ထောင်စုကြီးနှင့် မိမိတို့နိုင်ငံမြေ၏ ခနဉစွာများကို ကာကွယ်ရင်း ငြိမ်းချမ်းတည်ငြိမ်မှု၊ ခေတ်မီစွာ ဖွံ့ဖြိုးတိုးတက်မှု၊ စည်းကမ်းပြည့်ဝပြီး စစ်မှန်သော ဒီမိုကရေစီ တည်ဆောက်မှု တို့တွင် မြန်မာအမျိုးသမီးတို့သည် ညီညွတ်လက်တွဲပြီး တက်ကြွလှုပ်ရှား ပါဝင်လျက်ရှိပေသည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်တွင် တိုင်းရင်းသားမျိုးနွယ်စုံအမျိုးသမီးများ အရွယ်စုံ ပါဝင်ကြိုးပမ်းနေကြသည်ကို တွေ့ရပေမည်။**

အမျိုးသမီးရေးရာအဖွဲ့ချုပ်တွင် အရွယ်ရောက်ပြီး အမျိုးသမီးအဆင့်ဆင့် အရွယ်စုံပါဝင်သည်ကို အဖွဲ့ချုပ်အမှတ်တံဆိပ်၌ တွေ့နိုင်ပေသည်။ အတွေ့အကြုံ ရင့်ကျက်သော အဘွားအရွယ်၊ မိခင်အရွယ်၊ သမီးငယ် လုံမအရွယ်တို့ကို အဖွဲ့ချုပ် အမှတ်တံဆိပ်၌ သင်္ကေတပြုထားသည်။

မြန်မာအမျိုးသမီးထုကြီးသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို လက်တွဲညီညာစွာ ပါဝင်တည်ဆောက်နေရင်း အမျိုးသမီးတို့၏ဘဝ တိုးတက်လာစေရန်၊ အမျိုးသမီးတို့အား အကြမ်းဖက်မှုများမှ ကာကွယ်ရန် ယခုအခါ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်တွင် အမျိုးသားရေးစိတ်ဓာတ်ကိုယ်စီဖြင့် ပါဝင်လာကြပေသည်။

**အမျိုးသမီးအားလုံးသည် မြန်မာ့သဘာဝအရ နိုင်ငံသားအခွင့်အရေးများကို အမျိုးသားများနှင့်တန်းတူ ရရှိခံစားကြပေသည်။ ဒီမိုကရေစီနိုင်ငံကြီးများဟု ကြွေးကြော်နေသော အနောက်နိုင်ငံကြီးများတွင် အမျိုးသမီးများ မဲပေးခွင့်၊ အရွေးခံခွင့်၊ အလုပ်အကိုင်၊ ပညာရေးတန်းတူခွင့်များအတွက် ၂၀ရာစုနှစ်အတွင်း တိုက်ယူခဲ့ကြရပေသည်။ ယနေ့တိုင် အသားအရောင်၊ လူမျိုး၊ အဆင့်အတန်းခွဲခြားမှု အပါအဝင် အမျိုးသမီးတို့ အခြေခံ ရပိုင်ခွင့်များ တိုက်ပွဲဝင်နေကြရဆဲ ဖြစ်ပေသည်။**

ယနေ့အချုပ်အခြာအာဏာ ပြည်ထောင်စုကြီးနှင့် မိမိတို့နိုင်ငံမြေ၏ ခနဉစွာများကို ကာကွယ်ရင်း ငြိမ်းချမ်းတည်ငြိမ်မှု၊ ခေတ်မီစွာ ဖွံ့ဖြိုးတိုးတက်မှု၊ စည်းကမ်းပြည့်ဝပြီး စစ်မှန်သော ဒီမိုကရေစီ တည်ဆောက်မှုတို့တွင် မြန်မာအမျိုးသမီးတို့သည် ညီညွတ်လက်တွဲပြီး တက်ကြွလှုပ်ရှား ပါဝင်လျက်ရှိပေသည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တွင် တိုင်းရင်းသားမျိုးနွယ်စုံအမျိုးသမီးများ အရွယ်စုံ ပါဝင်ကြိုးပမ်းနေကြသည်ကို တွေ့ရပေမည်။

**မြန်မာအမျိုးသမီးများနေ့**

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ (၃) ရက်

MYANMAR WOMEN'S DAY

3rd July 2007

စိုက်ပျိုးရေးနယ်ပယ်၊ လက်မှုကုန်ပစ္စည်း၊ စက်မှုကုန်ပစ္စည်း ထုတ်လုပ်သော အလုပ်သမားလောကတွင် မြန်မာ အမျိုးသမီးတို့သည် တန်းတူညီမျှ ပါဝင်လုပ်ကိုင်နေကြသည်။ မြန်မာတို့ အများဆုံး သက်ဝင်ယုံကြည်ကိုးကွယ်ကြသော ဗုဒ္ဓသာသနာတော်၌ပင် အမျိုးသားများက ရဟန်း၊ သံဃာ၊ သာမဏေ၊ ဒါယကာ၊ အမျိုးသမီးများက သီလရှင်၊ ယောဂီ၊ ဒါယိကာမများအဖြစ် သာသနာတော်တာဝန်ကို ရှေးအစဉ်အဆက်ကပင် ပါဝင်ထမ်းဆောင်ခဲ့ကြသည်။

မြန်မာအမျိုးသမီး ထောင်ပေါင်းများစွာ အလုပ်လုပ်ကိုင်နေကြသော အထည်ချုပ်စက်ရုံများစွာသည် မြန်မာ့မြေ၌ ထင်ရှားဝေစည်ရှိခဲ့သည်။ မြန်မာအမျိုးသမီးတို့ ချုပ်လုပ်သော အဝတ်အထည်များသည် ကမ္ဘာ့ဈေးကွက်၌ ရေပန်းစားခဲ့သည်။ ဤသည်ကို မရှုဆိတ်သော ပြည်ပြေး ပုဆိန်ရိုး အမျိုးသစ္စာဖောက်များက မြန်မာနိုင်ငံမှ တင်ပို့သော အဝတ်အထည်များ လက်မခံရန်၊ ဝယ်ယူတင်သွင်းခြင်း မပြုရန် နိုင်ငံရေးသရုပ်ပျက် (လမ်းသူရဲ)ပုံစံဖြင့် ဆူပူကန့်ကွက်နှောင့်ယှက်ဟန့်တားကြသဖြင့် ယင်းသို့ ဝယ်ယူတင်သွင်းနေသည့် ကုမ္ပဏီများက နားပူမခံနိုင်ကြသည့် အားလျော်စွာ မြန်မာချုပ်အထည်များ မဝယ်ရဲကြတော့ပေ။ ဤသို့ဖြင့် မြန်မာအထည်ချုပ် စက်ရုံ အလုပ်သမ ထောင်ချီပြီး အလုပ်လက်မဲ့ဖြစ်ရသည်။

ထိုသို့ ပိတ်ဆို့နှောင့်ယှက်ရသည်ကို မြန်မာပုဆိန်ရိုး အမျိုးသမီးများ၊ ပြည်ပြေး အမျိုးသမီးများ၊ နယ်ချဲ့မီဒီယာ အလုပ်အကျွေးပြု မြန်မာကြေးစား အမျိုးသမီးများ ဝမ်းသာအားရ ခုန်ပေါက်မြူးထူးနေခဲ့ကြသည်။ မြန်မာအမျိုးသမီးထု၏ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကို ဖျက်ဆီး လိုသူများဖြစ်သည်။ ဒီမိုကရေစီနည်းကျ မြန်မာအမျိုးသမီး အလုပ်သမများနှင့် မိသားစုမှီခိုသူများ၏ စားဝတ်နေရေးဘဝကို ဖျက်ဆီးခဲ့ကြသည်။

**မြန်မာအမျိုးသမီးတို့ကား ဤသို့ ပြည်တွင်း၊ ပြည်ပအဖျက်သမားတို့၏ နှောင့်ယှက်မှုများကို ထီမထင်ဘဲ မိမိတို့အမျိုးသားရေးလုပ်ငန်း၊ သမိုင်းပေးတာဝန်များကို ဦးလည်မသုန် ထမ်းဆောင်နေကြမည်သာ ဖြစ်သည်။ အဖျက်ရန်စွယ် အန္တရာယ်တို့ကိုလည်း တိုင်းရင်းသားစုံ၊ အရွယ်စုံ မြန်မာအမျိုးသမီးတို့၏ ညီညွတ်စုစည်းမှုဖြင့် ချေမှုန်းကာ အမျိုးသားရေးပန်းတိုင်ဖြစ်သော ဒီမိုကရေစီ ရွှေနိုင်ငံတော်သစ်ကို အပြီးတိုင် တည်ဆောက်သွားကြမည်သာဖြစ်ကြောင်း ရေးသားတင်ပြလိုက် ရပါသည်။ ။**

# ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ပုဂံညောင်ဦးနှင့် မန္တလေးမြို့တို့သို့ သွားရောက်လေ့လာ

နေပြည်တော် ဇွန် ၂၉

**ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် မစ္စရာဒီကာ ကုမာရာဆွာမိ ဦးဆောင်သော ကုလသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ဇွန် ၂၅ရက်မှ၂၉ရက်အထိ လာရောက်လည်ပတ်ခဲ့သည်။ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နှင့်အတူ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ဌာနေကိုယ်စားလှယ် မစ္စတာချားလ်စ်ဂျေပီထရေးနှင့် ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် မစ္စတာရာမက်ရှရီဆတာတို့က ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါလာကြသည်။**

အဆိုပါ ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ချုပ် ဦးစိုးဝင်းနှင့် လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးပေါ်လွင်စိန်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၁ရက်တွင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ သွားရောက်ခဲ့ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူး ဒေသ(၂)မှ “ဝ” တိုင်းရင်းသား လူမျိုးစုများနှင့်လည်းသီးခြားတွေ့ဆုံခဲ့၍ ရွှေတိဂုံစေတီတော်အားလည်း သွားရောက်ဖူးမြော်ကြည်ညိုခဲ့သည်။

ယင်းကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၆ရက်တွင် နေပြည်တော်သို့ သွားရောက်ခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်က နေပြည်တော်လေဆိပ်၌ ကြိုဆိုခဲ့သည်။

ထို့နောက် ကိုယ်စားလှယ်အဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာတို့အား သက်ဆိုင်ရာဝန်ကြီးဌာနများသို့ သွားရောက်တွေ့ဆုံခဲ့သည်။

ညနေပိုင်းတွင် အဆိုပါကိုယ်စားလှယ်အဖွဲ့အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၇ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ သွားရောက်တွေ့ဆုံခဲ့သည်။ ထို့နောက် အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ပုဂံညောင်ဦးမြို့သို့ လှည့်လည်ကြည့်ရှုရန် ထွက်ခွာသွားခဲ့သည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ဇွန်၂၈ရက်တွင် ပုဂံညောင်ဦးမြို့မှ မန္တလေးမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ပြီး မန္တလေးမြို့တွင် တန်ခိုးကြီးဘုရားများအား လှည့်လည်ဖူးမြော်ကြည်ညိုကာ ရန်ကုန်မြို့သို့ ထွက်ခွာခဲ့သည်။ ထို့နောက် ယင်း ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်ရုံး၌ ရန်ကုန်မြို့မှ ကုလသမဂ္ဂ ဌာနေဝန်ထမ်းများအား သီးသန့်ရှင်းလင်းဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။ (သတင်းစဉ်)

# ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များနှင့်တွေ့ဆုံ

**ရန်ကုန် ဇွန် ၂၉**

မြန်မာနိုင်ငံတွင် ရောက်ရှိနေသော ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် မစ္စရာဒီကာကုမာရဆွာမိသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များနှင့် တွေ့ဆုံသည်။

ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် မစ္စရာဒီကာ ကုမာရဆွာမိသည် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာရန် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Charles James Petrie နှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha တို့ လိုက်ပါ၍ နံနက် ၈နာရီ ၄၅မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာပြီး ရှေးဦးစွာ ပြည်ပဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များနှင့်တွေ့ဆုံ၍ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းကာ မြန်မာနိုင်ငံသို့ လာရောက်ရခြင်း၏အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များက သိရှိလိုသည်တို့ကို မေးမြန်းကြရာ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် မစ္စရာဒီကာကုမာရဆွာမိက ပြန်လည် ဖြေကြားပြီး လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)




**ရန်ကုန် အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ၂၀၀၇-၂၀၀၈ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၉ရက်က မြို့နယ်ခန်းမဆောင်ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က မြို့နယ်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများအား စီမံကိန်းတာဝန်များ ပေးအပ်စဉ်။** (၅၀၆)

**အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၆ရက်က ဒလမြို့နယ် သီရိဇေယျာနော်ရထာခန်းမ၌ပြုလုပ်ရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း ဖတ်ကြားစဉ်။**
(မြို့နယ်ပြန်/ဆက်)





# ဖေးမကူညီ ကုမ္မာရီ

(တေးထပ်)

- ကုမ္မာရီအမျိုးသမီး၊
  ဂုဏ်ကြီးလို့ထိန်ဖြာ၊
- ဆုံစည်းစို့ချိန်အခါ၊
  ရှိန်သဒ္ဒါဆပွား။
- သိဃ်သူ့သမီးနဲ့ မယ်သံပျင်လို၊
  ဉာဏ်အလျှင် ကြီးမြတ်စိတ်ထား။
- မြန်မာမလေး ကျက်သရေ၊
  ခက်သပြေအလား။
- ကြီးသူကို ဂါရဝထားလို့၊
  လေးစားကြခါခါ။
- ကျင့်သိက္ခာ ရှိန်ဝါပြင်း၊
  ထိန်ဖြာဝင်း လင်းတဲ့မူရာ။
- ဆင်းဖြာလို့ ရှုစရာမှာ၊
  ခုမကြာ သာစခန်းဆီသို့၊
- အရောက်လှမ်း တွေးဆတူသည်
  ဖေးမကူညီ။
- မျိုးသမီးတို့ တိုးတက်ပြီ၊
  ဖြိုးခက်စည် ရှိန်မြင့်လို့လေး။

(မြန်မာအမျိုးသမီးများနေ့ကိုကြိုဆိုဂုဏ်ပြုလျက်)

မေသစ္စာ

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် သားသမီးများအား ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်

**ရန်ကုန် ဇွန် ၂၉**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်(နေရာဟောင်း) စုစည်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ဒုတိယ ညွှန်ကြားရေးမှူး(ရေး) ဒုတိယရဲမှူးကြီးခင်မောင်ငွေက အမှာစကားပြောကြားပြီး တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများ၏ သားသမီး ၈၆၇ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၅၈၂၉၅၀၀ကို သက်ဆိုင်ရာ ဌာနကိုယ်စားလှယ်များသို့ ပေးအပ်ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (သတင်းစဉ်)



# သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းနင်းမိ၍ အပြစ်မဲ့ပြည်သူတစ်ဦး ခြေထောက်ပြတ်ဒဏ်ရာရရှိ

**နေပြည်တော် ဇွန် ၂၉**

သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ ဇွန် ၂၄ရက် နံနက် ၇နာရီခွဲခန့်က ရွှေကျင်မြို့နယ် မဲဇောင်းဝကျေးရွာနေ ဦးဖိုးသီး၏သား ဦးဖိုးစောမူ အသက်(၃၀)နှစ်သည် တည်းသီးခူးရန် တောတွင်းသို့ သွားရောက်စဉ် သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသည့်မိုင်းတစ်လုံး နင်းမိပေါက်ကွဲ၍ ဦးဖိုးစောမူ၏ ညာဘက်ခြေထောက် ခြေကျင်းဝတ်မှပြတ်ကာ ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ မိုင်းထိဒဏ်ရာရရှိခဲ့သည့် ဦးဖိုးစောမူအား ရွှေကျင်မြို့နယ် ပြည်သူ့ဆေးရုံသို့ သက်ဆိုင်ရာတာဝန်ရှိသူများက ပို့ဆောင်ကြ၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သော ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူ အဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အပူပိုင်းမုန်တိုင်းငယ် ဖြတ်ကျော်ဝင်ရောက်

**နေပြည်တော် ဇွန် ၂၉**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့၌ ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ သြရိဿကမ်းခြေကို ပူရီမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

# NLD ပါတီသည် အာဏာရရှိရေးတစ်ခုတည်းကို ရှေ့တန်းတင်လွှန်းနေ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကိုပစ်ပယ်၍ နိုင်ငံနှင့်လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်း ရှေးရှုဆောင်ရွက်လျက်ရှိ ပုသိမ်မြို့နယ်မှ ပါတီဝင်လေးဦး စုပေါင်းနုတ်ထွက်

**ရန်ကုန် ဇွန် ၂၉**

ဧရာဝတီတိုင်း ပုသိမ်မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးအောင်ကျော်မြင့်၊ ဦးမျိုးဝင်း၊ ဦးသန်းဌေးနှင့် ဦးစိန်ဌေးတို့လေးဦးသည် ဇွန် ၂၁ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှနုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ပုသိမ်မြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီသည် ပါတီနိုင်ငံရေးသန့်သန့်ကိုသာ ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ အာဏာရရှိရေးတစ်ခုတည်းကို ရှေ့တန်းတင်လွှန်းနေကြောင်း၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ပစ်ပယ်၍ နိုင်ငံနှင့်လူမျိုးအကျိုးပျက်စီးရာပျက်စီးကြောင်း ရှေးရှုဆောင်ရွက်နေသည်ကိုတွေ့မြင်ရသဖြင့် စိတ်ပျက်ပြီး ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုမှု မရှိတော့သောကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ ၎င်းတို့၏သဘောဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)






ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဦးသောင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံ သတင်းစာ ပညာသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

# နိုင်ငံကြီးအချို့၏မီဒီယာအချို့ လိုလျှင်လိုသလို၊ မလိုလျှင်မလိုသလို ထုတ်လွှင့်ထိုးနှက်နေ အမှန်တရားကိုအခြေခံ၍ စဉ်းရုံးရန်ဆိုသည်ကို အမြဲလက်ကိုင်ထား ပြည်သူလူထုအတွင်း မိမိတို့၏မီဒီယာများလွှမ်းမိုးနိုင်ရန် မီဒီယာတန်ပြန်ထိုးစစ်လုပ်ဆောင်

ရန်ကုန် ဇွန် ၂၉

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံသတင်းစာပညာသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံး ခန်းမဆောင်သစ်ကြီး၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဦးသောင်း တက်ရောက်၍ အမှာစကားပြောကြားသည်။**

သင်တန်းဆင်းပွဲသို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟို အလုပ်အမှုဆောင်များ၊ ဌာနချုပ်ရုံးမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့်သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဦးသောင်းက သင်တန်းဆင်း အမှာစကား ပြောကြားရာတွင် ဤသင်တန်းမှ ပို့ချပေးခဲ့သည့် သင်ခန်းစာ ဘာသာရပ်များဖြစ်သည့် အမျိုးသားရေးဝါဒ၊နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု သတင်းရေးသားခြင်း၊ သတင်းထောက်လှမ်းခြင်း၊ သတင်းစာ ထုတ်လုပ်ခြင်း၊ သတင်းစာတိုက်ဖွဲ့စည်းခြင်း၊ ဆောင်းပါးအမျိုးမျိုး ရေးသားခြင်း၊ လုံခြုံရေးအတွက် သတင်းစုဆောင်းခြင်း၊မှားတတ်သော မြန်မာစာအရေးအသားများ၊ ခေတ်မီမီဒီယာ လုပ်ငန်းများ၊ သတင်းဓာတ်ပုံနှင့် တီဗွီကင်မရာရိုက်ကူးခြင်း၊ ရေဒီယို ဂျာနယ်လစ်ဇင်၊ ရုပ်မြင်သံကြား သတင်းတည်းဖြတ်ခြင်း၊ ကဗျာစပ်နည်း အခြေခံ၊ ကာတွန်းရေးဆွဲခြင်း အတတ်ပညာ စသည့် စာနယ်ဇင်းဆိုင်ရာ ပညာရပ်အသီးသီးနှင့် ပတ်သက်ပြီး လေ့လာဆည်းပူးခဲ့ကြပြီးဖြစ်ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယကကြီး ဗိုလ်ချုပ်မှူးကြီး သန်းရွှေက အထူးမှမ်းမံ သင်တန်းအမှတ်စဉ်(၄)တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ သြဝါဒစကား မြွက်ကြားခဲ့ရာမှာ x x x **နိုင်ငံတော်ကို အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် ခေတ်မီ နိုင်ငံတော်အဖြစ် အမြန်ရောက်ရှိအောင် ဆောင်ရွက်ရာတွင် နိုင်ငံမှာရှိသည့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အထူးလိုအပ်သည့်အချက်ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်သည် အားကြီး(၃)အားကို မြင့်မားသည်ထက် မြင့်မားလာအောင် ပြုစုပျိုးထောင်သွားရမည်ဖြစ်ကြောင်း၊ အားကြီး(၃)အား ဆိုသည်မှာ စည်းရုံးရေးအား၊စီးပွားရေးအားနှင့် ကာကွယ်ရေး စွမ်းအားများပင်ဖြစ်ကြောင်း။**

**ယင်းအားကြီး(၃)အားသည်အပြန်အလှန် အကျိုးပြုသည့် သဘောရှိကြောင်း၊ နိုင်ငံရေးတည်ငြိမ်မှုရှိခြင်းကြောင့် စီးပွားရေးဖွံ့ဖြိုးစေသကဲ့သို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံရေးအားဖြင့်လည်း တည်ငြိမ်မှုရစေကြောင်း၊ နိုင်ငံတော်ကို ပြည်တွင်း ပြည်ပရန်များက လုံခြုံစိတ်ချစွာ ကာကွယ်စောင့်ရှောက်ပေးသည့် ကာကွယ်ရေးအား ပြည့်စုံလာသည်နှင့်အမျှ နိုင်ငံတော်သည် လုံခြုံအေးချမ်းပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သကဲ့သို့ နိုင်ငံရေးအရလည်း ခိုင်မာသည့် ဒီမိုကရေစီ ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း** x x **တစ်ဖက်တွင် နိုင်ငံတည်ငြိမ်အေးချမ်းသာယာရေးအတွက် အသက် သွေး၊ ချွေးများ ပေးဆပ်ပြီး ထိန်းသိမ်းစောင့်ရှောက်နေရသော်လည်း အခြားတစ်ဖက်တွင်လည်း ပြည်ပအားကိုးအဆိုးမြင်ဝါဒီများက အခြေအနေယိုယွင်းအောင်၊ ဆူပူမှုများ ဖြစ်ပေါ်လာအောင်အားထုတ်ပြီး လုပ်ကြံနေကြပြန်ကြောင်း၊ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို ခိုင်မာသည်ထက်ခိုင်မာ၊ ကျစ်လျစ်သည်ထက် ကျစ်လျစ်ပြီး ရေပက်မဝင်သည့် စုစည်းညီညွတ်မှုမျိုးကို တည်ဆောက်ရမည်ဖြစ်ကြောင်း** x x x စသည်ဖြင့် လမ်းညွှန်သြဝါဒပြုခဲ့သည့် လမ်းညွှန်ချက်များကို သတိမူနာယူဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရနှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘက်စုံထောင့်စုံမှ မနားမနေကြိုးပမ်းဆောင်ရွက်နေသည်ကို ပြည်တွင်းပြည်ပ အဖျက်သမားများက မဟုတ်မမှန်ပြောဆိုရေးသားဝေဖန်ပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဗြောင်ကျကျ ဝင်ရောက်စွက်ဖက်နေကြကြောင်း။

နိုင်ငံကြီးအချို့၏ သတင်းမီဒီယာလုပ်ငန်းအချို့သည် လိုလျှင်လိုသလို၊ မလိုလျှင် မလိုသလို အမှားကို အမှန်ဖြစ်အောင်၊ အမှန်ကိုအမှားဖြစ်အောင် သတင်းထုတ်လွှင့် ထိုးနှက်နေသည်များမှာ စာနယ်ဇင်းဆိုင်ရာ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များကို ချိုးဖောက်နေသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း။

ထို့ကြောင့် ဘယ်သူ တရားပျက်ပျက် ကိုယ်မပျက်စေနှင့်ဆိုသည့် စကားနှင့်အညီ အမှန်တရားကို အခြေခံ၍ စည်းရုံးရန် ဆိုသည်ကို အမြဲလက်ကိုင်ထားပြီး အသင်းဝင် သင်တန်းသူများအနေဖြင့် ပြည်သူလူထုအတွင်း မိမိတို့၏မီဒီယာလုပ်ငန်းများကို ထိုးဖောက်လွှမ်းမိုးနိုင်ရန် သတင်းမီဒီယာတန်ပြန် ထိုးစစ်များနှင့် ဆောင်ရွက်နိုင်ရန် လုပ်ဆောင်သွားကြရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေနှင့်–

- **အသင်းဝင် သင်တန်းသူများသည် အမျိုးသားရေးတာဝန်များကို ထမ်းဆောင်ကြမည့် နိုင်ငံသားကောင်းများပီပီ ဒို့တာဝန်အရေး(၃)ပါးကို မမိတ်မသုန် ခံယူပြီး ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အရင်းခံဖြင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးနှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားကြပါ၊**
- **အသင်းကြီး၏ မီဒီယာလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားနိုင်ရန်အတွက် သင်တန်းကရရှိခဲ့သည့် အတွေ့အကြုံနှင့် သတင်းနှင့် ပြန်ကြားရေးမီဒီယာ နည်းပညာရပ်များကို လက်တွေ့နယ်ပယ်မှာ အသုံးပြုသွားကြပါ၊**
- **သင်တန်းသူများသည် ကြံ့ခိုင်ရေးပီပီ ကြံ့ခိုင်သော စိတ်ဓာတ်ဖြင့် အသင်းဝင်များအတွင်း၊ တိုင်းရင်းသားပြည်သူများ နယ်ပယ်အတွင်းမှာ ပြန်ကြားရေးမှူးကောင်းများ၊ သတင်းဆက်သွယ်ရေးမှူးကောင်းများ၊ စည်းရုံးရေးမှူးကောင်းများအဖြစ် ရပ်တည် ဆောင်ရွက်သွားနိုင်အောင် အသိမှန်၊ ခံယူချက်မှန်နှင့် အပတ်တကုတ် ကြိုးပမ်း အားထုတ်သွားကြရန် ပြောကြားသည်။**

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဦးသောင်းက သင်တန်းထူးချွန် ပထမဆုရ ကယားပြည်နယ်မှ ဒေါ်ဖြူစင်သန့်၊ ဒုတိယဆုရ မွန်ပြည်နယ်မှ ဒေါ်ထားထားရွှေနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်စန်းစန်းအေးတို့အား ဆုများကိုလည်းကောင်း၊ သင်တန်းဆင်းလက်မှတ်များကို သင်တန်းသူတစ်ဦးအားလည်းကောင်း၊ သင်တန်းနည်းပြ ဆရာများကိုယ်စား ဆရာ တက္ကသိုလ်မြတ်သူအား ဂုဏ်ပြုလက်ဆောင်များကို လည်းကောင်း ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

## စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၄)၊ အမှတ်(၁၄)ထွက်ပြီ

**ရန်ကုန် ဇွန် ၂၉**

စိမ်းလဲ့ရွှေပြည်ဂျာနယ်တွင် မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်မှုရှိစေရန် မော်တော်ယာဉ်များ မီးခိုးထွက်မှု စိစစ်အရေးယူလျက်ရှိ၊ ပင်ပွားများအား အမယ်သစ်ပို့ကုန်အဖြစ် ဂျပန်သို့တင်ပို့ရန် ကြိုးပမ်း၊ တီဗွီလည်းကြည့် ဂျာနယ်လည်းဖတ်ရမယ်၊ ရွှေညော်သည်ယာဉ်လိုင်း၊ မြောင်းတကာစက်မှုဇုန်သည် ပထမဆုံးသဘာဝဓာတ်ငွေ့သုံး စက်ရုံဖြစ်လာနိုင်၊ ကြက်ဥဂုံးများ လူကြိုက်များနေ၊ သင်္ဘောသားများ အသက်အာမခံထားရှိပြီး သက်တမ်းတိုးရန်မမေ့သင့်၊ လာမည့်ဒီဇင်ဘာလ လာနီညာဖြစ်နိုင် ဇွန်လကုန်အထိ စောင့်ကြည့်လျက်ရှိစသည့် ပြည်တွင်းသတင်းများ၊ ရတနာပုံက ဆန်ဈေး(လှမြင့်–ရန်ကုန်တက္ကသိုလ်)၊ မြို့ကြီးသားစိတ်ဓာတ်တွေမွေးကြ(မြတ်ခိုင်)၊၁၄ ရက်အတွင်း အကြိုက်ဆုံးသတင်းများ၊ သိသလိုလိုနှင့်(မင်းလှ–စံမြင့်)၊ တိရစ္ဆာန်အညစ်အကြေးနှင့် လယ်ယာသီးနှံစွန့်ပစ်ပစ္စည်းများမှ ဇီဝဓာတ်ငွေ့ထုတ်လုပ်မှု (မောင်မြား)၊ မြန်မာတို့၏ ရှေးအကျဆုံးရိုးရာ ခြင်းလုံးခတ်ကစားနည်း (ဖွဲ့မောင်–ဝဲလောင်)၊ ရဟန်းရှင်လူ ဘာသာမရွေး အခမဲ့ကုသိုလ်ပြု ကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့ ဖြိုးစေတနာ(ကျော်မင်းသော်)၊ တောင်းတိုင်းရတတိုင်းပြီး မန္တလေးမြို့မှ ရတနာပုံသာ ဘုရားကြီး(နီငြိမ်း–အညာတက္ကသိုလ်) နှင့် နိုင်ငံတကာသတင်းများ ဝေဝေဆာဆာ ဖော်ပြထားသည်။

စိမ်းလဲ့ရွှေပြည်ဂျာနယ်ကို စာပေဗိမာန်စာအုပ်ဆိုင်၊ ဝါမိုးအောင်၊ ဆင်တောင်ကြီး၊ မနီလာ၊ NPE စာအုပ်ဆိုင်နှင့် ပန်းရွှေပြည်(သိမ်ဖြူလမ်း) စာအုပ်ဆိုင်များတွင် ဝယ်ယူနိုင်သည်။ စာမူပေးပို့လိုလျှင် စာတည်းမှူးချုပ် စိမ်းလဲ့ရွှေပြည်ဂျာနယ် အမှတ်(၂၂၈) သိမ်ဖြူလမ်း ရန်ကုန် ဖုန်း–၃၈၂၀၇၀ သို့ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




**ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက် ငွေဝတ်မှုံနေ ဦးမောင်မောင်ဝင်း–ဒေါ်မြစိန် မိသားစုကိုယ်စား သမီးများဖြစ်ကြသော ဒေါ်ချိုချိုဝင်းနှင့် ဒေါ်ညိုညိုဝင်းတို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီး အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။** (ဘိုးဘွားရိပ်သာ)



**လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီ (ရွှေသိင်္ဂီရတနာမွှေရုံ၊ အမှတ်–၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်)သို့ မိဘနှစ်ပါးအား အမှူးထား၍ ဒေါက်တာ မိုးမမဝဿန်က ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိက ဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။** (က–ပ)

ငါးရစ် ငါးသန် ဘေးမဲ့ချန်
ပိုမှန်စားသုံး မျိုးမသုဉ်း

**✻ ကျောဖုံးမှ**

ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်သန်းဌေး၊ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီတို့မှ တာဝန်ရှိသူများ၊ ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အဖွဲ့ဝင်များလိုက်လာလျက်အမျိုးသားညီလာခံကျင်းပမည့် ပြည်ထောင်စုခန်းမအတွင်း ပြင်ဆင်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား အသေးစိတ် မှာကြားသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အနော်ရထာရိပ်သာရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးခန်း၊ ပုဂံဆောင်စားရိပ်သာနှင့် ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ ပစ္စည်းထောက်ပံ့ရေးအဖွဲ့ငယ်တို့အတွင်း ပြင်ဆင်ထားရှိမှု၊ ဖိတ်ကြားရေး ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီရုံး၊ အမျိုးသား အိပ်ဆောင်များနှင့် အမျိုးသမီးအိပ်ဆောင်များအတွင်း ပြင်ဆင်ထားရှိမှု၊ စားရိပ်သာ(၁)၌ ညီလာခံကိုယ်စားလှယ်များအား နေ့စဉ်ကျွေးမွေးဧည့်ခံနိုင်ရေးအတွက်ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များအား သက်သာချောင်ချိစွာ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် ဖွင့်လှစ်ရောင်းချပေးမည့် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝင်းသူဇာ အရောင်းဆိုင် ကြိုတင် ပြင်ဆင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ကျန်းမာရေးအတွက် အားကစားလေ့ကျင့်ရန် အမျိုးသား/အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ရေးခန်းမ၊စားပွဲတင်တင်းနစ်အားကစားခန်းမတို့၌ အားကစားပစ္စည်းများ စီစဉ်ထားရှိမှု၊ ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်းနှင့် ညီလာခံကိုယ်စားလှယ်များ လိုအပ်ပါက ဆေးဝါးကုသနိုင်ရန်အတွက် ဖွင့်လှစ်ထားသည့် ညောင်နှစ်ပင် တိုက်နယ်ဆေးရုံတို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမျိုးသားညီလာခံကိုယ်စားလှယ်များ စိတ်အေးချမ်းသာစွာ အမျိုးသားညီလာခံလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် စားသောက်နေထိုင်ရေး၊ သက်သာချောင်ချိရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု စသည့်လုပ်ငန်းများကို လိုလေသေးမရှိအောင် စီစဉ်ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည်အမျိုးသားညီလာခံ ကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းမှ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)



ယူနန်ပြည်နယ်စစ်ဒေသ ဒုတိယစစ်ဒေသမှူး Major General Lin Tinggui နှင့် အဖွဲ့ဝင်များ မူဆယ်မြို့ အမျိုးသားကြီးပွားတိုးတက်ရေးအများပိုင် ကုမ္ပဏီလီမိတက် မြန်မာ့ငါး၊ ပုစွန် ပြည်ပပို့ကုန် ရောင်းဝယ်ရေးစခန်း တန် ၁၂၀၀ အအေးခန်းစက်ရုံတွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

# ယူနန်ပြည်နယ် စစ်ဒေသ ဒုတိယစစ်ဒေသမှူး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မူဆယ်မြို့တွင်း လှည့်လည်ကြည့်ရှုလေ့လာ

ရန်ကုန် ဇွန် ၂၉

**ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် စစ်ဒေသ ဒုတိယစစ်ဒေသမှူး Major General Lin Tinggui ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၇ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် လားရှိုးလေဆိပ်သို့ ရောက်ရှိလာရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် လှမြင့်နှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုကြသည်။**

ထို့နောက် ဧည့်သည်တော် ယူနန်ပြည်နယ်စစ်ဒေသ ဒုတိယစစ်ဒေသမှူး Major General, Lin Tinggui ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ကွတ်ခိုင်တပ်နယ်မှ ဗိုလ်မှူးကြီးစံရွှေသာနှင့် တာဝန်ရှိသူများ လိုက်ပါလျက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် မော်တော်ယာဉ်များဖြင့် လားရှိုးမြို့မှ မူဆယ်မြို့သို့ ထွက်လာကြရာ လမ်းတစ်လျှောက်ရှိ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုလေ့လာကြသည်။

**တည်ခင်းဧည့်ခံ**

ညပိုင်းတွင် ဧည့်သည်တော် ယူနန်ပြည်နယ်စစ်ဒေသ ဒုတိယစစ်ဒေသမှူး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအား ကွတ်ခိုင်တပ်နယ်မှ ဗိုလ်မှူးကြီး စံရွှေသာက မူဆယ်မြို့ ရွှေလီရိပ်သာ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းနောက် ဧည့်သည်တော် ယူနန်ပြည်နယ်စစ်ဒေသ ဒုတိယစစ်ဒေသမှူး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မူဆယ်မြို့တွင်းသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု လေ့လာကြသည်။

**ကြည့်ရှုလေ့လာ**

ဧည့်သည်တော် ယူနန်ပြည်နယ်စစ်ဒေသ ဒုတိယစစ်ဒေသမှူးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၈ ရက် နံနက်ပိုင်းတွင် ကွတ်ခိုင်တပ်နယ်မှ ဗိုလ်မှူးကြီး စံရွှေသာနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ရွှေလီ၊ ကျယ်ဂေါင် နယ်စပ်စစ်ဆေးရေးဂိတ်(နန်းတော်)သို့ လည်းကောင်း၊ စတားခရီးသွားလာရေး အဆောက်အအုံရှိ ကျောက်စိမ်းပြတိုက်သို့ လည်းကောင်း သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ဧည့်သည်တော် ယူနန်ပြည်နယ် စစ်ဒေသ ဒုတိယစစ်ဒေသမှူး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် မူဆယ်မြို့ရှိ လွယ်တိန်ခမ်း တောင်တော်၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော လွယ်တိန်ခမ်း ဆုတောင်းပြည့် ပြည်တော်ပြန်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဂေါပကအဖွဲ့ထံ အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဧည့်သည်တော် ယူနန်ပြည်နယ်စစ်ဒေသ ဒုတိယစစ်ဒေသမှူး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မူဆယ်မြို့ (၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးဇုန် စစ်ဆေးရေးစခန်းသို့ သွားရောက်ကြည့်ရှု လေ့လာကြရာ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

**ရှင်းလင်းပြသ**

ယင်းနောက် ဧည့်သည်တော် ယူနန်ပြည်နယ်စစ်ဒေသ ဒုတိယစစ်ဒေသမှူး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မူဆယ်မြို့ရှိ အမျိုးသားကြီးပွားတိုးတက်ရေး အများပိုင် ကုမ္ပဏီလီမိတက် မြန်မာ့ငါး၊ ပုစွန် ပြည်ပပို့ကုန်ရောင်းဝယ်ရေးစခန်း တန် ၁၂၀၀ အအေးခန်းစက်ရုံသို့ သွားရောက် ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ (သတင်းစဉ်)

# တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်အား ယူနန်ပြည်နယ်စစ်ဒေသ ဒုတိယစစ်ဒေသမှူး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဇွန် ၂၉

**ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်အား ယူနန်ပြည်နယ်စစ်ဒေသ ဒုတိယစစ်ဒေသမှူး Major General Lin Tinggui ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၈ရက် ညနေ ၄နာရီခွဲတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီရိပ်သာသို့ လာရောက်တွေ့ဆုံ နှုတ်ဆက်သည်။**

**တက်ရောက်**

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ညပိုင်းတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်သည် ယူနန်ပြည်နယ်စစ်ဒေသ ဒုတိယစစ်ဒေသမှူး Major General Lin Tinggui ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်စစ်ဒေသ ဒုတိယစစ်ဒေသမှူးနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် ဇွန် ၂၉

**ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်စစ်ဒေသ ဒုတိယစစ်ဒေသမှူး Major General Lin Tinggui ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့မှ လေကြောင်းဖြင့် နေပြည်တော်သို့ ရောက်ရှိလာသည်။**

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်စစ်ဒေသ ဒုတိယစစ်ဒေသမှူး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးကျော်စိုးနှင့် တပ်မတော်အရာရှိကြီးများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

# ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး အစီအစဉ်ကြီးကြပ်မှုကော်မတီ ပထမအကြိမ် အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၂၉

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့က ကြီးမှူးဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးအစီအစဉ် ကြီးကြပ်မှုကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ယမန်နေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ရှိ Micasa Hotel ၌ကျင်းပရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်နှင့် ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Tang Zhengping တို့ တက်ရောက်၍ အမှာစကားပြောကြားကြသည်။**

ဆက်လက်၍ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး အစီအစဉ် အကြီးတန်းပညာရပ်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Dr. Masao Sasaki၊ လုပ်ငန်းအကောင်အထည်ဖော်ရေး အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် Mr. Ganesh Gahle၊ အမျိုးသားအစီအစဉ်ညှိနှိုင်းရေးမှူး ဒေါက်တာသန်းထွန်းနှင့် အမျိုးသားအတိုင်ပင်ခံ ပညာရှင်များက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြကြသည်။

ယင်းနောက် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဒေသဆိုင်ရာ ကြက်ငှက်တုပ်ကွေးရောဂါ စီမံကိန်းညှိနှိုင်းရေးမှူး Dr. Wantanee Katpravidh နှင့် Regional USAID မှ Dr. John Mac Arthur တို့က မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၏ သုံးသပ်အကြံပြုချက်များ၊ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းဆိုင်ရာ ကိစ္စရပ်များကို တင်ပြဆွေးနွေးကြသည်။

တင်ပြချက်များအပေါ် ကြီးကြပ်မှုကော်မတီဝင်များနှင့် တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၀-၆-၂၀၀၇ (စနေနေ့ )**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ အတီးပြိုင်ပွဲ
- ၈:၀၀ ၇။ တေးဂီတအစီအစဉ်
- ၈:၁၀ ၈။ အကပြိုင်ပွဲ
- ၈:၂၀ ၉။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ Grammar Made Easy.
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
- ၁၂:၃၅ ၆။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၁၂:၄၅ ၇။ **"လေဆန်ငှက်တို့အိမ်အပြန်" (စုလှိုင်နှင်း၊ပပဝင်းခင်၊ သင်းသင်းယုလှိုင်) (ဒါရိုက်တာ-စင်ရော်မောင်မောင်)**
- ၂:၁၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၂:၃၀ ၉။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (တီကျစ်ကျောက်မီးသွေး သတ္တုတွင်း)
- ၂:၄၅ ၁၀။ International News.
- ၃:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၄:၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၄:၅၅ ၅။ အတီးပြိုင်ပွဲ
- ၅:၀၅ ၆။ တေးဂီတအစီအစဉ်
- ၅:၁၀ ၇။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၅:၄၅ ၈။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (သဘာဝဂုဏ်အင်ထူးခြား အလှဆင်သင်ပုန်းကျောက်များ)
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၂၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၂၅ ၁၁။ အလှရှာမယ် လှကမ္ဘာဝယ်
- ၇:၀၀ ၁၂။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
- ၇:၁၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သမားတော်" (အပိုင်း-၃၈)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာနှောင်ကြိုး" (အပိုင်း-၁)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

## ယနေ့မိုးလေဝသ

**၂၀-၆-၂၀၀၇**

**နေပြည်တော်**

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။**

**ရန်ကုန်**

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။**

**မန္တလေး**

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။**

# ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၂၉

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၅ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ သန်းညွန့် တက်ရောက်အမှာစကားပြောကြားသည်။



ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ဝန်ထမ်း ရွေးချယ် လေ့ကျင့်ရေးအဖွဲ့ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်၊ ဦးလှမြင့်ဦး၊ ဦးဝင်းအောင်၊ ဦးစိုးဦးနှင့် ဦးညီထွန်း၊ အဖွဲ့အောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။

ထို့နောက်ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။ (သတင်းစဉ်)

## ရှင်းလင်း

ညှိနှိုင်းအစည်းအဝေးတွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးလှမြင့်ဦး၊ ဦးဝင်းအောင်၊ ဦးစိုးဦးနှင့် ဦးညီထွန်းတို့က လုပ်ငန်းကဏ္ဍအလိုက် အမှာစကားပြောကြားကြပြီး အဖွဲ့အောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ်များက ၂၀၀၇ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။



ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ (၉) ရပ်ကွက် ပရဟိတ ကံဦး ဘုန်းတော်ကြီးကျောင်းဝင်း အတွင်းတိုးချဲ့ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရေးအတွက် ဇွန် ၂၄ ရက်တွင် ရန်ကုန်မြို့ကွမ်းယင်စီတရုတ်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးအာစာရက အလှူငွေကျပ်သိန်း ၂၀ ကို ကျောင်း အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်မြင့် (OK)ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



## ဆက်ကပ်လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် အလှူရှင် ဦးခွန်မင်းညွန့်-ဒေါ်ခက်ခက်ဝင်း မိသားစုက အလှူငွေကျပ်တစ်သိန်းကို ပြင်သစ်နိုင်ငံ သာသနာပြုဆရာတော် ကျွန်းနံ့သာအရှင်နန္ဒသိရီထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

# ဓမ္မကေသရ မဥ္ဇူရီဗိမာန်တော်အတွက် ငွေလှူဒါန်း

ရန်ကုန် ဇွန် ၂၉

ဧရာဝတီတိုင်း ကျောင်းကုန်းမြို့ ဒက္ခိဏာရာမ ရွှေကျင်ပရိယတ္တိစာသင်တိုက်ကြီးအတွင်း တည်ဆောက်မည့် ဓမ္မကေသရမဥ္ဇူရီဗိမာန်တော်ကြီးအတွက် ရန်ကုန်မြို့ သာကေတ၊ အောင်စကြာ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီးမှ ပြည်တွင်း၊ ပြည်ပ သာသနာပြုဆရာတော် အောင်စကြာအရှင်စန္ဒသိရီက ငွေကျပ် တစ်သိန်း၊ ကျောင်းကုန်းမြို့ ကမ်းနားလမ်း(ဦးဘိုနီ) ဒေါ်မြ(မိသားစု)က ငွေကျပ်ငါးသိန်း၊ စစ်ကိုင်းမြို့နယ် ကုန်းကြီးကျေးရွာ ဦးမိုးကောင်း-ဒေါ်မြရွှေ(သား) ရှင်ဝိသုဒ္ဓက ငွေကျပ်သုံးသိန်း၊ ကျောင်းကုန်းမြို့ ဆေးရုံလမ်း ဦးစိုးမြင့်-ဒေါ်နီ(မိသားစု)က ငွေကျပ်တစ်သိန်း၊ ကျောင်းကုန်းမြို့ အမှတ်(၂)ရပ်ကွက် ဦးစံအေး-ဒေါ်သန်းစိန် (မိသားစု)က ငွေကျပ်တစ်သိန်းနှင့်အလှူရှင် ၁၃ ဦးတို့ကငွေကျပ်နှစ်သိန်းလေးသောင်း နှစ်ထောင့်ငါးရာကျပ်တို့ကိုလှူဒါန်းကြသည်။

အလှူရှင်များအနေဖြင့် ဆရာတော် အရှင်စန္ဒသာရ (ကျောင်းကုန်း)ဖုန်း- ၀၉၅၁၄ ၇၄၄၈၊ ၀၄၆-၄၀၄၉၈၊ ၀၄၆-၄၀၁၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)



လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ(ရွှေသိင်္ဂီရတနာဓမ္မာရုံ၊ အမှတ် ၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်) သို့ မိုးကုတ်အဖွဲ့ခွဲ (၁၂၅)မှ အဖွဲ့ချုပ်ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တပရမနှင့်တပည့် နယ်လှည့်သာသနာပြု ပဋိစ္စသမုပ္ပါဒ် သင်တန်းနည်းပြဆရာသစ္စာရဲမင်း B.Sc (Phy) တို့က အာမိဿပူဇာကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။ (က-ပ)

# ၂၀၀၇ခုနှစ်၊ မိုးလယ်ကာလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

၁။ ၂၀၀၇ခုနှစ်၊ မိုးလယ်ကာလသည် ခရစ်နှစ် ၂၀၀၇ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ ဩဂုတ် ၃၁ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၆၉ခုနှစ်၊ ပထမဝါဆိုလဆုတ် ၂ ရက်နေ့မှ ဝါခေါင်လဆုတ်၃ရက်နေ့)အထိ ဖြစ်ပါသည်။

**၂။ ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိလာနိုင်သည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်သည်။ ဇူလိုင်လလယ်ခန့်တွင် ရက်သတ္တတစ်ပတ်ခန့် ကြာမြင့်နိုင်သည့် မုတ်သုံလေ အားပြတ်ခြင်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။

**၃။ မိုးအခြေအနေ**

ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ အောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် ရွာသွန်းမြဲအောက် လျော့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင်ရွာသွန်းမြဲခန့် ရွာနိုင်သည်။

**၄။ မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့နှင့် ဟင်္သာတမြို့တို့တွင် တစ်ကြိမ်ခန့်၊ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် မော်လိုက်မြို့တို့တွင် နှစ်ကြိမ်ခန့်စီ၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင်တစ်ကြိမ်ခန့်စီ၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည်တောင်ငူမြို့တွင်တစ်ကြိမ်ခန့်နှင့် မဒေါက်မြို့တို့တွင် နှစ်ကြိမ်ခန့်နှင့် ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ရှိနိုင်သည်။

# ချမ်းအေးဓမ္မစာပေ ဖိတ်ခေါ်စာမူပြိုင်ပွဲ

ရန်ကုန် ဇွန် ၂၉

ချမ်းအေးဆရာတော် ဘဒ္ဒန္တနာဂသေနာဘိဝံသ၏ ကြီးကြပ်မှုဖြင့် ကျင်းပမည့် ဓမ္မစာပေ ဖိတ်ခေါ်စာမူပြိုင်ပွဲ(ပဉ္စမအကြိမ်)အတွက် သတ်မှတ်ထားသည့် ခေါင်းစဉ်မှာလူငယ်နှင့်ဘာသာတရားဖြစ်သည်။

## ဝင်ရောက်ယှဉ်ပြိုင်

ပညာရှင်အဆင့်နှင့် အလွတ်တန်းအဆင့်ဟူ၍ နှစ်မျိုးခွဲခြားကျင်းပမည်ဖြစ်ရာ စာပေဆိုင်ရာ ကျမ်းစာအုပ်ရေးသား ထုတ်ဝေပြီးသူများသည် ပညာရှင်အဆင့်တွင်လည်းကောင်း၊ ရေးသားထုတ်ဝေဖူးခြင်း မရှိသေးသူများသည် အလွတ်တန်းအဆင့်တွင်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

အဆင့် နှစ်ဆင့်စလုံးအတွက် ပထမ၊ ဒုတိယ၊ တတိယဆုများကို ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ပြီး စာမူပေးပို့ရန် နောက်ဆုံးရက်မှာ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၃၁ ရက်ဖြစ်သည်။ အသေးစိတ် အချက်အလက်များကို အရှင်ဝိလာသ(ဝေမိုး-ကျွန်းလှ) ဖုန်း-၀၁-၅၇၂၁၀၆၊ ၀၉၅၀၂၄၆၉၄၊ ချစ်ဦးညို ဖုန်း-၀၁-၂၀၀၇၇၃၊ ဦးကြိုင်မြင့် ဖုန်း-၀၁-၂၉၅၉၈၈ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)



## လက်ခံ

ရန်ကင်းပြည်သာယာ ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးခန်းအတွက် အလှူငွေကျပ် တစ်သိန်းနှင့် စစ်ကိုင်းမင်းကွန်းကားလမ်း မြေဖို့အလှူအတွက် အလှူငွေ ကျပ်လေးသောင်းကို သဃ်န်းကျွန်း မိချောင်းကန်(၃)၊ သီရိရတနာရိပ်သာ ခေမာသီလမ်းနေ ဒေါ်စန်းစန်းမြင့် မိသားစုက ဦးအောင်ထွန်း(၂)နှစ်ပြည့်မြောက်ရည်စူး၍ ရွှေပြည်ဟိန်းကျောင်း ဆရာတော်ဦးအဂ္ဂစာရထံ ဆက်ကပ်လှူဒါန်းရာ ဝေယျာဝစ္စအဖွဲ့ ဆရာမ ဒေါ်ရီရီနွယ်က လက်ခံယူစဉ်။ (၅၃၅)

# မြောင် မြို့မဈေး ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇွန် ၂၉

စစ်ကိုင်းတိုင်း မြောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်းရှိ ဈေးဆိုင်များမှ ရောင်းချလျက်ရှိသော အိုင်အိုဒင်းဆားများ အရည်အသွေးပြည့်ဝမှုရှိ မရှိ၊ ဟင်းသီးဟင်းရွက်များတွင် ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာများသန့်စင်မှု ရှိမရှိ၊ သန့်ရှင်းလတ်ဆတ်မှု ရှိမရှိတို့ကို မြို့နယ်ကျန်းမာရေးမှူး ဦးအောင်ငွေနှင့်အခွန်ကောက်(၅)ဈေး ဒေါ်ထားထားဆိုင်၊ ဒေါ်နွယ်နွယ်စိုးတို့က ဇွန် ၂၀ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၃၀-၆-၂၀၀၇ (စနေနေ့)**

## နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၁၅** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၂၅** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၃၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၄၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၀** ၈။ အမျိုးသားရေးတေးကဗျာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

## နေ့လယ်ပိုင်း

- **၁၂:၀၀** ၁။ မြဝတီအဖွင့်
- **၁၂:၀၅** ၂။ အဖွင့်သီချင်း
- **၁၂:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၁၂:၂၀** ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- **၁၂:၂၅** ၅။ ကျန်းမာသုတ
- **၁၂:၃၀** ၆။ **ရုပ်မြင်သံကြားဇာတ်လမ်း နတ်သမီးရှာဖွေသူ (လူမင်း၊ပြည့်ဖူးခိုင် ဝိုင်းစုခိုင်သိန်း၊ နန်းဆုရတီစိုး) ဒါရိုက်တာဇော်ထက်**
- **၁:၅၀** ၇။ အမျိုးသားရေးတေးကဗျာ
- **၁:၅၅** ၈။ အပိတ်နှုတ်ဆက်စကား
- **၂:၀၀** ၉။ ပြီးပါပြီ။

## ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၄:၃၅** ၄။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- **၅:၃၅** ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၆။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၇။ နိုင်ငံတကာသတင်း
- **၆:၃၀** ၈။ အမျိုးသားရေးတေးကဗျာ
- **၆:၄၀** ၉။ လျှပ်တစ်ပြက်ရိုက်ချက်
- **၆:၄၅** ၁၀။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- **၇:၀၀** ၁၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဤမှန်သောသစ္စာတရားကြောင့်" (အပိုင်း-၁၆)**
- **၈:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၃။ မိုးလေဝသသတင်း
- ၁၄။ အမျိုးသားရေးတေးကဗျာ
- ၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းလောကမုန်တိုင်း" (ဒုတိယတွဲ) (အပိုင်း-၉)**
- ၁၇။ သင့်အတွက်မနက်ဖြန်
- ၁၈။ အပိတ်နှုတ်ဆက်စကား
- ၁၉။ ပြီးပါပြီ။

# အိုလံပစ်နေ့အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲကျင်းပ
# အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီး ဆုချီးမြှင့်

ရန်ကုန် ဇွန် ၂၉

**၂၀၀၇ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေ ၄နာရီက ကျိုက္ကဆံကွင်းရှိ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်တွင် ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ် သူရအေးမြင့်နှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ)၊ အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။**




**အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲတွင် အကောင်းဆုံးဆုရ ရဲမင်းဆွေအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် ဆုချီးမြှင့်စဉ်။** (ကြေးမုံ)

**ပေးအပ်**

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက လူသစ်တန်း Recurve အမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲ၊ အမျိုးသမီး Compound ပြိုင်ပွဲဆုရရှိသူများကို အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က အမျိုးသား Recurve ပြိုင်ပွဲနှင့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေတို့က အမျိုးသား Compound ပြိုင်ပွဲဆုရရှိသူများကို ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အမျိုးသားအသင်းလိုက်ပြိုင်ပွဲ ပထမဆုရ Compound အသင်းနှင့် အတိုးတက်ဆုံးအားကစားသမားဆုရ နေမျိုးအောင်နှင့် ကျော်ချမ်းငြိမ်း၊ အကောင်းဆုံးအားကစားသမားဆုရ ရဲမင်းဆွေနှင့် ဇော်ဝင်းထိုက်တို့အား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။ ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က ပြီးခဲ့သည့် ဖိလစ်ပိုင်ဆီးဂိမ်းတွင် Recurve တစ်ဦးချင်း၌ ရွှေတံဆိပ်ရရှိခဲ့သည့် (၁၀၅)မှတ်ကို ၎င်းကိုယ်တိုင် (၁၀၇) မှတ်ဖြင့် စံချိန်ချိုးခဲ့သည့် ဇော်ဝင်းထိုက်၊ ဖိလစ်ပိုင် ဆီးဂိမ်းတွင် အမျိုးသား Compound တစ်ဦးချင်း၌ (၁၁၂)မှတ်ဖြင့် ရွှေတံဆိပ်ရရှိခဲ့သော ဖိလစ်ပိုင် ကစားသမား၏ စံချိန်ကို (၁၁၄)မှတ်ဖြင့် ပစ်ခတ်နိုင်ခဲ့သည့် ရဲမင်းဆွေတို့အား ဆုငွေကျပ်တစ်သောင်းစီနှင့် မြန်မာ့လက်ရွေးစင် မြားပစ်အားကစားသမားများကို စံချိန်တိုးတက်အောင် သင်ကြားပေးနိုင်ခဲ့သော ကိုရီးယားနည်းပြ Mr. Jin Su Ho အား ဂုဏ်ပြုဆုငွေ ကျပ်တစ်သိန်းကို ပေးအပ်ချီးမြှင့်ခဲ့သည်။ (ကြေးမုံ)

# ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒုတိယအစည်းအဝေးကျင်းပမည်

**ရန်ကုန် ဇွန် ၂၉**

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒုတိယအစည်းအဝေးကို ၁၃၆၉ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၅ရက်နှင့် ဒုတိယဝါဆိုလဆန်း ၁ ရက် ၂၀၀၇ ခုနှစ် ဇူလိုင်(၁၄၊ ၁၅)ရက် စနေနေ့၊ တနင်္ဂနွေနေ့များတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာနာယကကျောင်းတော်ကြီးသို့ ၁၃၆၉ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၁ ရက် ၂၀၀၇ခုနှစ် ဇူလိုင် ၁၀ရက်(အင်္ဂါနေ့)အရောက် ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်ပါကြောင်း၊ ယင်းပင့်စာများအချိန်မီ မရောက်ရှိပါကလည်း အထက်ပါနေ့ရက်တွင် ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်တော်မူပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနက သတင်းရရှိသည်။ (သတင်းစဉ်)

# လာအိုချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဇွန် ၂၉**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသော လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့တော်လှန်ရေးပါတီ လူထုအဖွဲ့အစည်းများရေးရာ ဦးစီးဌာန ပြည်သူ့ဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Boun Nhang Xaysanavong ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်း ခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

# ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၆) အမှတ်(၃)ဖြန့်ချိ

**ရန်ကုန် ဇွန် ၂၉**

ရွှေနိုင်ငံသတင်းဂျာနယ်တွင် ဒေါက်တာခင်မောင်ညို၏ ကျွန်တော်တို့ရဲ့အမွေ၊ မြတ်ခိုင်၏ ၁၄ ရက်အတွင်း အကြိုက်ဆုံးသတင်းများ၊ ဆက်နောင်၏ ဆန်းသစ်ဖန်တီး မြန်မာမှု အနုရုပ်လုံးကြွ စသည့် ဆောင်းပါးများအပြင် ပုဂံရွှေနန်းတော်ကြီး အမြန်ပြီးစီးရေး ကြိုးပမ်း၊ တရုတ်–မြန်မာ ချစ်ကြည်ရေး ကြူကုတ်–ဝမ်တိန် တံတား၊ ကလေးစက်မှုဇုန်မှ ဂျစ်အမျိုးမျိုးနှင့် စပါးခွဲ ဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်များထုတ်လုပ်၊ ဘက်ပေါင်းစုံ အကျိုးထူးမည့် ဇောဓိတစ်ထောင်၊ ဗူးရှာရေလှောင်တမံစီမံကိန်းနှင့် ကြီးအုံကြီးဝ ဘက်စုံရေလှောင်တမံစီမံကိန်းမှရရှိမည့် ရေအားလျှပ်စစ်၊ ပိုင်ကျုံတံတားဖွင့်ပြီး ကုန်စည်ပို့ဆောင်ရေး၊ သွားလာရေးနှင့် သောက်သုံးရေအတွက် ပိုမိုအဆင်ပြေသည့် ငမိုးရိပ်တံတား(ကမာကြည်)၊ တစ်ရက်တန် ၅၀၀ ကျ သဘာဝ ပိုဇိုလန်စက်ရုံ ပုပ္ပားဒေသ၌ ထပ်မံတည်ဆောက်မည်၊ ဟိုတယ် ၁၀လုံး အာဆီယံဆု ရွေးချယ်ခြင်းခံရ၊ တစ်နိုင်တစ်ပိုင် ဘိုင်အိုဒီဇယ်ထုတ်စက်ထုတ်လုပ်၊ နယ်စပ်ကုန်သွယ်ရေး ချင်းရွှေဟော်နှင့် တမူးစခန်းတိုးတက်၊ ကြံခင်း–ပခုက္ကူရထားလမ်းဖောက်လုပ်မှု အရှိန်မြင့်၊ အလုံသင်္ဘောကျင်း တည်ဆောက်မှုအားကောင်း၊ ရခိုင်ပြည်နယ်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုမိုထုတ်လုပ်ရန် ဆောင်ရွက်နေ၊ အီရန်အပေါ် စစ်ရေးအရ အရေးယူမှုမပြုရန် ချူကလီးယား စောင့်ကြည့်ရေးအဖွဲ့သတိပေး၊ အမေရိကန်နှင့် အိန္ဒိယနျူကလီးယား ဆွေးနွေးပွဲပျက်ပြား၊ အမေရိကန်၏ ဒုံးကျည်ကာကွယ်ရေးစနစ်ကို ရုရှားဖြတ်တောက်မည်၊ အမေရိကန်မှ ရင်းနှီးမြှုပ်နှံမှု ပိုမိုရရှိရန် အိန္ဒိယချဉ်းကပ်၊ လာမည့် ၂၀၂၀ တွင် တရုတ်ပြည်သည် ကုန်ထုတ်လုပ်မှု အမြင့်မားဆုံးနိုင်ငံ ဖြစ်လာတော့မည် စသည့် ပြည်တွင်းနှင့်ပြည်ပ သတင်းစုံစုံလင်လင် ဓာတ်ပုံဝေဝေဆာဆာ ပါရှိကြောင်း သိရသည်။

ရွှေနိုင်ငံဂျာနယ်ရရှိနိုင်သော နေရာများမှာ ထွန်းဦးစာပေ(မန္တလေး)၊ ဆင်တောင်ကြီးစာပေ၊ တင်စိုးစာပေ၊ ဝါမိုးအောင်စာပေ၊ စာပေဗိမာန်စာအုပ်ဆိုင်၊ မနီလာစာပေ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့် ပန်းရွှေပြည်စာအုပ်ဆိုင်များဖြစ်ကြောင်း၊ စာမူများပေးရန်နှင့် ဆက်သွယ်ရန် လိပ်စာမှာ စာတည်းမှူးချုပ် ရွှေနိုင်ငံဂျာနယ် အမှတ်(၂၂၈) ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၃၈၂၀၇၀ ဖြစ်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

# ဒလမြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**ရန်ကုန် ဇွန် ၂၉**

ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှကြီးမှူးပြုလုပ်သော ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ယနေ့မွန်းတည့် ၁၂နာရီက ဒလမြို့နယ် သီရိဇေယျနော်ရထာခန်းမတွင် ပြုလုပ်သည်။




အစီအစဉ်အရ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာန တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးလှဒေါင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ထပ်ဆင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးလှဒေါင်း**(ဝဲပုံ)**၊ တောင်ပိုင်းခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးယဉ်ထွေး၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများက တစ်ဦးချင်းပေးအပ်သည်။ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲသို့ ဒလမြို့နယ် ဦးစီးမှူး ဦးမြင့်ရွှေ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြောင်းသိရသည်။ (၅၂၉)

# မြင်းခြံမြို့၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဇွန် ၂၉**

မန္တလေးတိုင်း မြင်းခြံမြို့ အမှတ်(၁)ရပ်ကွက်၌ ဇွန် ၂၇ရက်ည ၁၁နာရီကျော်ခန့်တွင် မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားရာ အလုပ်ရုံစက်ပစ္စည်းများထားရှိသည့် တဲတစ်လုံး၊ ဂိုဒေါင်နှစ်လုံး၊ နေအိမ်ကိုးလုံး မီးလောင်ဆုံးရှုံးပြီး အိမ်ထောင်စု ၁၃စုတို့ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

# အသောကဓမ္မဗိမာန် တည်ဆောက်ရေး ငွေလှူဒါန်း

**ရန်ကုန် ဇွန် ၂၉**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက်ရှိ သမိုင်းမြို့မကျောင်းဝင်း အတွင်းတွင် သမိုင်းမြို့မ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဦးကုဏ္ဍလကို အမှူးထား၍ သမိုင်းမြို့မ ကျောင်း၊ အမက (၂) မရမ်းကုန်း၊ အထက(၁)မရမ်းကုန်းတို့ကို တည်ထောင်ပေးတော်မူခဲ့သော ဘဒ္ဒန္တ စန္ဒိမာဘိဝံသ မဟာထေရ် (ဆဋ္ဌသံဂီတိကာရက၊ ဆဋ္ဌသင်္ဂါယနာသံဃဟိတရေ)၏တပည့် ဒါယကာ၊ ဒါယိကာမများက စုပေါင်း၍ ကျပ်သိန်းတစ်ထောင်ကျော် ကုန်ကျမည်ဖြစ်သော လေးထပ်(RC) အဆောက်အအုံ အသောကဓမ္မဗိမာန်ရိပ်သာကြီးကို ဆောက်လုပ်လျက်ရှိသည်။

၎င်းအဆောက်အအုံကြီးအား သမိုင်းမြို့မ သာသနနုဂ္ဂဟ အသင်းကြီးမှ မတည်ငွေကျပ် သိန်းတစ်ရာ့တစ်ဆယ်၊ ဦးအေးမြင့်–ဒေါ်ခင်သန္တာဝေ (လှသီတာရွှေဆိုင်)က ကျပ်သိန်းငါးဆယ်၊ ဆရာတော် ဦးစန္ဒိမာ၏ တပည့် ဒါယကာများဖြစ်သော မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ရ ဦးဝင်းကြိုင် (ကထိက နိုင်ငံတော်ပရိယတ္တိ သာသနတက္ကသိုလ်၊ ငြိမ်း)၊ ဦးမြင့်ဆွေ (ဓေတ္တာရာမြင့်ဆွေ)၊ ဗိုလ်မှူးအောင်စိုး (ငြိမ်း) တို့က အလှူငွေကျပ် သုံးသိန်းစီဖြင့် စတင်၍ ဆောက်လုပ်လျက်ရှိနေသည်။

**ဆက်သွယ်လှူဒါန်းနိုင်**

လှူဒါန်းလိုသူများသည် သမိုင်းမြို့မ သာသနနုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးအေးမြင့်(လှသီတာ) ဖုန်း–၆၆၀၁၅၄၊ ၆၅၃၃၈၀၊၀၉–၅၀၁၉၃၁၆၊ သမိုင်းမြို့မ ဖုန်း–၆၆၅၂၃၈ထံသို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**



**ဆရာတော် ဦးစန္ဒိမာ၏တပည့် ဒါယကာများက သာသနနုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးအေးမြင့်–ဒေါ်ခင်သန္တာဝေ၏ အလှူငွေများ လက်ခံယူစဉ်။** (က–ပ)

# ၂၀၀၇ ခုနှစ် ဇူလိုင်လပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်သည်။ ဇူလိုင်လလယ်ခန့်တွင် ရက်သတ္တတစ်ပတ်ခန့် ကြာမြင့်နိုင်သည့် မုတ်သုံလေအားပြတ်ခြင်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။

**မိုးအခြေအနေ**

ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် ရွာသွန်းမြဲအောက်လျော့ကာ၊ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် မော်လိုက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်နှင့် စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ရှိနိုင်သည်။

# နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ သစ်တောနှင့် မွေး/ရေ၊ ဆက်သွယ်ရေး၊စာတိုက်နှင့် စီးပွား/ကူးသန်း သရေကျ သိပ္ပံနှင့်နည်းပညာက လူဝင်မှုကြီးကြပ်ရေးကို အနိုင်ရရှိ

နေပြည်တော် ဇွန် ၂၉

**ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပြိုင်ပွဲ ပဥ္စမနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့၌ ဆက်လက်ကျင်းပသည်။**

နံနက် ၇ နာရီခွဲတွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပသည့် (ခ)အုပ်စုမှ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဘောလုံးအသင်းနှင့် သစ်တောရေးရာဝန်ကြီးဌာန ဘောလုံးအသင်းတို့ပွဲတွင် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။

**သစ်တောရေးရာဝန်ကြီးဌာန နှစ်ဂိုး**

(အောင်ကိုကို–တစ်ဂိုး၊
ဗိုလ်ဗိုလ်လွင်–တစ်ဂိုး)

**မွေးမြူရေးနှင့်**
**ရေလုပ်ငန်းဝန်ကြီးဌာန နှစ်ဂိုး**

(ပြည့်လင်းကိုကို–တစ်ဂိုး၊
ဝဏ္ဏအောင်–တစ်ဂိုး)

**ဒိုင်လူကြီး ဦးမင်းမင်းထွန်း (အဖွဲ့ချုပ်)**

ညနေ ၄ နာရီတွင် ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပသည့် (ခ) အုပ်စုမှ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဘောလုံးအသင်းနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဘောလုံးအသင်းတို့ပွဲတွင် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနအသင်းက သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

**သိပ္ပံနှင့်**
**နည်းပညာဝန်ကြီးဌာန သုံးဂိုး**

(သန်းနိုင်ဝင်း–သုံးဂိုး)

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့**
**အင်အားဝန်ကြီးဌာန ဂိုးမရှိ**

**ဒိုင်လူကြီး ဦးမြလွင်(အဖွဲ့ချုပ်)**

အလားတူ ယနေ့ညနေ ၄နာရီတွင် လယ်ဝေးမြို့နယ် အားကစားကွင်း၌ ကျင်းပသည့် (ဂ)အုပ်စုမှ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဘောလုံးအသင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဘောလုံးအသင်းတို့ပွဲတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။

**ဆက်သွယ်ရေးစာတိုက်နှင့်**
**ကြေးနန်းဝန်ကြီးဌာန တစ်ဂိုး**

(စိုးသီဟ)

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး**
**ဝန်ကြီးဌာန တစ်ဂိုး**

(စိုးမင်းဆန်း)

**ဒိုင်လူကြီး ဦးလှဝင်းထွန်း (အဖွဲ့ချုပ်)**

ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာန ပေါင်းစုံဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် ပြိုင်ပွဲများကို ဇူလိုင် ၁၅ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(၁၀၇)

**၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပြိုင်ပွဲတွင် (ခ)အုပ်စုမှ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအသင်းနှင့် သစ်တောရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။** (သတင်းစဉ်)



# ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ရေကူးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂၉**

၂၀၀၇ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ရေကူးပြိုင်ပွဲဖွင့်ပွဲ၊ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရေဝတီ ရေတပ်စခန်းဌာနချုပ် တပ်မတော်(ရေ) ရေကူးကန်၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေဝတီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့ရှိ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊စစ်သည်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် အသင်း ၁၃သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် ၂၀၀၇ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ရေကူးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသည့်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေဝတီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်က တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

# အာရှလူငယ်ဂူရှူးပြိုင်ပွဲ မြန်မာ ရွှေတစ်ခုနှင့် တတိယဆုရရှိ

**ရန်ကုန် ဇွန် ၂၉**

ကိုရီးယားသမ္မတနိုင်ငံ Yeong Ju မြို့၌ ဇွန် ၂၇ရက်မှ ဇူလိုင် ၁ ရက်အထိ ကျင်းပလျက်ရှိသည့် စတုတ္ထအကြိမ်မြောက် အာရှလူငယ် ဂူရှူးတံခွန်စိုက်ပြိုင်ပွဲတွင် ယှဉ်ပြိုင်လျက်ရှိသော မြန်မာဂူရှူး အားကစားအဖွဲ့သည် ဇွန် ၂၈ ရက်ပြိုင်ပွဲ ပွဲစဉ်တွင် မြန်မာအသင်းမှ မသက်သက်နိုင်သည် အသက်(၁၅–၁၇)နှစ်အတန်း ဓားမောက်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ဆုနှင့် မစန္ဒီဦးသည် အသက်(၁၂–၁၄)နှစ်အတန်း တုတ်ပြိုင်ပွဲတွင် တတိယဆု ရရှိကြသည်။ (သတင်းစဉ်)

# အစားအစာချက်ပြုတ်မှု အရည်အသွေးမြှင့်တင်ရေး ဆင့်ပွားသင်တန်း ဒဂုံမြို့နယ်၌ ကျင်းပ

**ရန်ကုန် ဇွန် ၂၉**

ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် စားသောက်ဆိုင်လုပ်ငန်း လုပ်ကိုင်သူများအား ကျန်းမာသန့်ရှင်း၍ အန္တရာယ်ကင်းသော အစားအစာများချက်ပြုတ်မှု အရည်အသွေးမြှင့်တင်ရေး ဆင့်ပွားသင်တန်းကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ဒဂုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြင့်နှင့် အဖွဲ့ဝင်များ၊ စားသောက်ဆိုင်ပိုင်ရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြင့်က ဆင့်ပွားသင်တန်းပို့ချခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာနေခြည်သွယ်မင်းနှင့် ကျန်းမာရေးဆရာမကြီး ဒေါ်မြအေးကြွယ်တို့က သင်တန်းပို့ချကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ကားဘော်ဒီရုံမှ ထုရိုက်သံ နေ့ညဆူညံ

**စာတည်းခင်ဗျား–**

သဃ်န်းကျွန်းမြို့နယ်၊ ဓ/မြောက် ရပ်ကွက်၊ ဘောဂဈေးထိပ်မှ ခြံတစ်ခြံအတွင်းရှိ ကားဘော်ဒီပြင်ရုံတစ်ရုံသည် နေ့၊ ညမပြတ် ထုရိုက်လုပ်ကိုင်လျက်ရှိရာ အနီးပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်နေရပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သားများ**

## စည်းကမ်းပျက်ဆိုင်များ ရှင်းလင်းပြီး

၉–၉–၂၀၀၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ လမ်းမတော်မြို့နယ် **“ညောင်ပင်လေးဈေး ပလာဇာမှ စည်းကမ်းပျက်ဆိုင်များ ရှင်းလင်းစေလို ”**ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **မြို့တော်စည်ပင်**

## ပဲခွဲစက်မှ အိမ်သာ ရှင်းလင်းပြီးစီး

၉–၆–၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၆၃ ရပ်ကွက် စက်မှုဇုန်ပတ်လမ်းရှိ **“ပဲခွဲစက်မှ အိမ်သာ သန့်ရှင်းစေလို ”**ပေးစာနှင့် စပ်လျဉ်း၍ ဖျက်သိမ်းရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **မြို့တော်စည်ပင်**

## အသံချဲ့စက်ဆူညံမှု ရှင်းလင်းဆောင်ရွက်ပြီးစီး

၉–၆–၂၀၀၇ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ တောင်ဥက္ကလာပမြို့ ဗိုလ်မှူးဖိုးကွန်းလမ်း၊ ဘုရားလမ်းနှင့် တပင် ရွှေထီးလမ်းမှ **“ အသံချဲ့စက်သံဆူညံမှုကြပ်မတ်ပေးစေချင် ”** ပေးစာနှင့် စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်**

## ကြေးမုံ The Mirror ပြည်သူ့ထံမှ ပေးစာ

## လမ်းမပေါ်မှဈေးသည်များ ရှင်းလင်းစေလို

**စာတည်းခင်ဗျား–**

ပဲခူးတိုင်း၊ တောင်ငူမြို့နယ်၊ (၁၉) ရပ်ကွက်၊ ရိပ်သာလမ်းတစ်လျှောက်မှ သုခလမ်းဆုံအထိ ကတ္တရာလမ်းမကြီးပေါ်တွင် ဈေးရောင်းချလျက်ရှိရာ လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်နေပြီး ဈေးရောင်း၊ ဈေးဝယ်များနှင့် ခရီးသည်များ ယာဉ်အန္တရာယ် စိုးရိမ်ရပါသည်။

သို့ဖြစ်ပါ၍ လမ်းမကြီးပေါ်မှ ဈေးရောင်းချမှုများအား ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသွားလမ်းလာများ**

## ဝက်ခြံမှ မစင်နံ့ ပတ်ဝန်းကျင်ပျံ့နှံ့

**စာတည်းခင်ဗျား–**

တောင်သာမြို့ အမှတ်(၂)ရပ်ကွက် အတွင်းရှိ နေအိမ်တစ်အိမ်တွင် ဝက်များကို စီးပွားဖြစ် မွေးမြူလျက်ရှိရာ ဝက်အော်သံများနှင့် မစင်နံ့များ ပျံ့နှံ့နံစော်နေပါသည်။

သို့ဖြစ်ပါ၍ သန့်ရှင်းသပ်ရပ်စွာ မွေးမြူရေး ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **အနံ့ဆိုးမခံနိုင်သူ**

## ပြည်သူ့ထံမှပေးစာပေးပို့လိုပါလျှင်

**ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးသူ၏ အမည်၊ နိုင်ငံသားစိစစ် ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း(မဟာဗန္ဓုလ လမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။**

## လမ်းနှင့် ရေစီးရေလာကောင်းမွန်ရေး ပြုပြင်ပေးပါ

**စာတည်းခင်ဗျား–**

အုတ်တွင်းမြို့နယ် ကျွဲပွဲကျေးရွာတွင် လမ်းနှင့်ရေမြောင်းများ တူးဖော်ပြင်ဆင်ပေးခြင်း မရှိသည့်အတွက် မိုးရာသီရောက်တိုင်း လမ်းများပေါ်သို့ ရေလျှံ၍ ကျင်းများ၊ ချိုင့်ခွက်များဖြင့် ပျက်စီး လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကျွဲပွဲကျေးရွာ ဈေးလမ်းအား ပြင်ဆင်ပေးပါရန်နှင့် ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ကျွဲပွဲသား**

## ဆေးနံ့နှင့်ဆူညံသံနားမခံနိုင်

**စာတည်းခင်ဗျား–**

တာမွေမြို့နယ် တာမွေလေးရပ်ကွက်၊ သစ္စာလမ်းတွင် ကားဘော်ဒီရုံများရှိရာ ဆေးမှုတ်ခြင်း၊ ထုရိုက်သံများကြောင့် ဆူညံလျက်ရှိရာ လမ်းသူ၊လမ်းသားများ စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအား စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **သစ္စာလမ်းသားများ**

## သစ်ခွဲလွှစက်သံ နားမခံသာ

**စာတည်းခင်ဗျား–**

သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာအဆင့်မြင့်အိမ်ရာစခန်းရှိ သုမင်္ဂလာ(၄)လမ်းပေါ်တွင် သစ်ခွဲလွှစက်နှင့် ပရိဘောဂများထုတ်လုပ်သော အလုပ်ရုံတစ်ရုံရှိရာ လွှစက်သံကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါသစ်ခွဲလွှစက်အလုပ်ရုံအား ဆူညံမှုကင်းစေရေး စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ဆူညံသံမခံနိုင်သူ**

## ကျောင်းအနီးမှ အမှိုက်ပုံ ရှင်းလင်းပေးစေချင်

**စာတည်းခင်ဗျား–**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက် ဇေယျာမြိုင်လမ်း၊ အမက(၃) ကျောင်းအနီးရှိ အမှိုက်ပုံသည် အနံ့ဆိုးများ ထွက်ပေါ်နေပါသဖြင့် ပတ်ဝန်းကျင်နေသူများ၏ ကျန်းမာရေးကို ထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အမှိုက်ပုံအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။ **(၁၉)ရပ်ကွက်သား**

# အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံကျင်းပမည့် ညောင်နှစ်ပင်စခန်းအတွင်း ပြင်ဆင်ထားမှုများ ကြည့်ရှုစစ်ဆေး အမျိုးသားညီလာခံကိုယ်စားလှယ်များ စိတ်အေးချမ်းသာစွာ အမျိုးသားညီလာခံလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် စားသောက်နေထိုင်ရေး၊ သက်သာချောင်ချိရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ လိုလေသေးမရှိ စီစဉ်ဆောင်ရွက်ရန် မှာကြား

ရန်ကုန် ဇွန် ၂၉

**အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့ ညနေပိုင်းတွင် ၂၀၀၇ ခုနှစ် ဇူလိုင် ၁၈ ရက်၌ ပြန်လည်စတင်ကျင်းပမည့် အမျိုးသားညီလာခံအတွက် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းအတွင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။**

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ညနေ ၃ နာရီခွဲတွင် အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ ရောက်ရှိလာရာ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻**






**အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပမည့် ပြည်ထောင်စုခန်းမအတွင်း ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

## တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ကြေညာ

ရန်ကုန် ဇွန် ၂၀

**၂၀၀၇ ခုနှစ် မတ်လအတွင်းက ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ယနေ့ ဇွန် ၂၀ ရက် (စနေနေ့) နံနက် ၆ နာရီအချိန်တွင် ထုတ်ပြန်ကြေညာလိုက်သည်။**

အဆိုပါ အောင်စာရင်းများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းနှင့် မြို့နယ် အသီးသီးတို့ရှိ သက်ဆိုင်ရာ စာစစ်ဌာနကျောင်းများ၌ တစ်ချိန်တည်းကပ်ထားသည်။ ထို့အပြင် အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ရန်ကင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ကမာရွတ်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် သင်္ဃန်းကျွန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတို့၌လည်း ရန်ကုန်တိုင်းမှအပ အခြားပြည်နယ်နှင့် တိုင်းများ၏ အောင်စာရင်းများကို ကပ်ထားပေးသည်။ (သတင်းစဉ်)

## လမ်းပန်းဆက်သွယ်ရေးဝေးလံသော ပြည်နယ်၊ တိုင်းများမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ အသံလွှင့်ကြေညာပေးမည်

ရန်ကုန် ဇွန် ၂၀

**၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများအနက်မှ လမ်းပန်းဆက်သွယ်ရေးဝေးလံသော ပြည်နယ်နှင့် တိုင်းများရှိ စာစစ်ဌာနအချို့၏ အောင်စာရင်းများကို မြန်မာ့အသံရေဒီယိုအစီအစဉ်က ယနေ့ ဇွန် ၂၀ ရက် (စနေနေ့) နံနက် ၈နာရီခွဲတွင် ၄၁၁ ဒသမ ၇၅ မီတာမှ အသံလွှင့်ကြေညာပေးမည်ဖြစ်သည်။**

ထိုသို့ကြေညာရာတွင် ကချင်ပြည်နယ်မှ တနိုင်း၊ မချမ်းဘော၊ ပူတာအို၊ နောင်မွန်း၊ ဖားကန့်၊ ဆွမ်ပရာဘွမ်နှင့် ချီဖွေ၊ ကရင်ပြည်နယ်မှ ဖာပွန်၊ ကြာအင်းဆိပ်ကြီးနှင့် ကမမောင်း၊ ချင်းပြည်နယ်မှ ကန်ပက်လက်၊ မတူပီ၊ မင်းတပ်နှင့် ပလက်ဝ၊ ရခိုင်ပြည်နယ်မှ ဂွ၊ ကျိန္တလီ၊ ဇရပ်ကုန်းခင်နှင့် မာန်အောင်၊ ရှမ်းပြည်နယ်မှ မိုးမိတ်၊ နမ့်ဆန်(မြောက်)၊ မိုင်းဆတ်၊ မိုင်းကိုင်၊ ကွမ်းလုံ၊ မိုင်းတုံ၊ မိုင်းပျဉ်း၊ မိုင်းယန်း၊ မောက်မယ်၊ မိုင်းယောင်း၊ ကျေးသီးမံစံ၊ ကွန်ဟိန်း၊ ဟိုပန်၊ မိုင်းခတ်၊ မိုင်းပန်၊ မိုင်းဖြတ်၊ မဘိမ်း၊ မိုင်းရှူး၊ တုန်ဟုန်း၊ မန်တုံနှင့် လောက်ကိုင်၊ တနင်္သာရီတိုင်းမှ ပုလော၊ဘုတ်ပြင်းနှင့် ပလ၊ မကွေးတိုင်းမှ ပေါက်၊ ထီးလင်း၊ ဆော၊ လောင်းရှည်၊ ကျောက်ထု၊ စေတုတ္တရာနှင့် ငဖဲ၊ စစ်ကိုင်းတိုင်းမှ နန်းယွန်း၊ လေရှီး၊ လဟယ်နှင့် ရန်ကုန်တိုင်းမှ ကိုကိုးကျွန်းစာစစ်ဌာနများကို ကြေညာပေးသွားမည်ဖြစ်သည်။ (သတင်းစဉ်)

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

### ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ၃၀–၆–၂၀၀၇ နေ့ ပွဲစဉ်

| အုပ်စု | အသင်း | အချိန် | အားကစားကွင်း |
|---|---|---|---|
| (ဂ) | သတ္တုတွင်း နှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး | နံနက် ၇နာရီခွဲ | ပေါင်းလောင်း |
| (ဃ) | နိုင်ငံခြားရေး နှင့် နယ်စပ်/စည်ပင် | ညနေ ၄နာရီ | ပေါင်းလောင်း |
| (ဃ) | ဘဏ္ဍာ/အခွန် နှင့် ပြည်ထဲရေး | ညနေ ၄ နာရီ | လယ်ဝေး |